# ကြေးမုံ
# The Mirror Daily

၁၉၅၇ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် စတင်ထုတ်ဝေသည်။

Established in 1957


**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏၊ သူတော်ကောင်းတို့၏ သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်၊ အင်္ဂါနေ့။ Tuesday, 23 April 2024 ၁၁၄၃၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၄/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

## လူငယ်များသည် တိုင်းပြည်၏အနာဂတ်ခေါင်းဆောင်များဖြစ်ပြီး နိုင်ငံ့တာဝန် ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်

## လူငယ်လူရွယ်များ၏အကျင့်စာရိတ္တများ ကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များရရှိပြီး တိုင်းပြည်၏ ဂုဏ်ကိုမြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းလိုစိတ်များ ဖြစ်ပေါ်စေရေးအတွက် စနစ်တကျဖြင့် လေ့ကျင့်ပျိုးထောင်

နေပြည်တော် ဧပြီ ၂၂

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၄/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မြန်မာနှစ်သစ်ကူးအတာသင်္ကြန်ကို ပြည်သူပြည်သားများအားလုံးပါဝင်၍ စည်ကားသိုက်မြိုက်စွာဖြင့် ဆင်နွှဲနိုင်ခဲ့သည်ကိုတွေ့ရကြောင်း၊ အားလုံးပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲနိုင်ခဲ့ကြသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ လာမည့် အတာနှစ်သစ်ကူးအခါသမယများတွင်လည်း ယခုကဲ့သို့တိုင်းသူပြည်သားများအားလုံး စိတ်နှလုံးပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲနိုင်ရေး ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နှစ်သစ်ကူးအခါသမယမှစ၍ နှစ်သစ်တွင် နိုင်ငံ့တာဝန်များကို ဆတက်ထမ်းပိုး ဆောင်ရွက်သွားနိုင်ရေး ဆုမွန်ကောင်းတောင်းပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪


ယနေ့ ဖတ်စရာ

မေလမှာ မုန်တိုင်း ဝင်ရောက်နိုင်ခြေရှိခြင်း ... ဆောင်းပါး စာမျက်နှာ » ၆

၂၀၂၄ ခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား ကျောင်းသူ လူငယ်များအတွက် ရေကြောင်းနှင့် လေကြောင်း လူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများ စတင်ဖွင့်လှစ် စာမျက်နှာ » ၈

နွေဥတုနှင့်ကျန်းမာရေး တိုင်းရင်းဆေးဖြင့် စောင့်ရှောက်ပေး ဆောင်းပါး စာမျက်နှာ » ၁၁

ကြေးမုံ

# ဝါလုပ်ငန်းများတွန်းအားပေး နိုင်ငံ့စီးပွားမြှင့်တင်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးထွက်ကုန်အမျိုးမျိုးဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးကို ဦးစားပေးလုပ်ဆောင်လျက်ရှိသည်။ အဓိကစိုက်ပျိုးသီးနှံ ထုတ်ကုန်များဖြစ်သည့် ဆန်၊ ပဲ၊ ပြောင်း၊ ဆီထွက်သီးနှံပြီးလျှင် ဝါစိုက်ပျိုးရေးသည် တိုင်းပြည်စီးပွားတိုးတက်ရေးကို ကောင်းမွန်ဖြစ်ထွန်းအောင် အထောက်အကူပြုနိုင်သည်။

မြန်မာနိုင်ငံတွင် အစဉ်အဆက် ဝါသီးနှံများ စိုက်ပျိုးထွက်ရှိခဲ့သော်လည်း ဝါဂွမ်းကို ခေတ်မီနည်းစနစ်တကျ ထုတ်လုပ်နိုင်ခြင်းမရှိသေးသဖြင့် ပြည်ပမှ ဝါထွက်ပစ္စည်းများနှင့်ချည်ထည်များကို နှစ်စဉ်တင်သွင်းနေရသည်။ လက်ရှိတွင် မြန်မာနိုင်ငံရှိ ဝါစိုက်ဧက ငါးသိန်း၌ တစ်ဧကလျှင် ပိဿာချိန် ၇၀၀ ခန့်ထွက်ရှိအောင်စိုက်ပျိုးပြီး အဆင့်မီသည့် ချည်ထည်ပစ္စည်းထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံအတွင်းရှိလူဦးရေအတွက် လိုအပ်သည့်အထည်များ ပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ စိုက်ပျိုးထုတ်လုပ်ခဲ့သည့် ဝါကုန်ကြမ်းများကို အဆင့်မီချည်ချောများ ထုတ်လုပ်နိုင်ပါက ပြည်ပသွင်းကုန်အစားထိုးပြီး နိုင်ငံ့စီးပွားတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

အထည်အလိပ်လုပ်ငန်းများနှင့်ပတ်သက်၍ ဝါစိုက်ပျိုးမှု မြှင့်တင်ရေးနှင့်မပြီးပေ။ ဝါဗိုင်းငင်သည့်စက်များကိုလည်း နိုင်ငံအတွင်းအဆင့်မီအောင် ဆောင်ရွက်ရန်လိုအပ်သည်။ ဝါသီးနှံမှ ဝါကို ဗိုင်းငင်ပြီး ဝါဂွမ်း၊ လင်တာဂွမ်း (အမျှင်တို)နှင့်ဝါစေ့များထွက်ရှိလာသည်။ ဝါစေ့ကို ဆီကြိတ်သည့်လုပ်ငန်းများတွင် အသုံးပြုခြင်းဖြင့် ဆီစက်လုပ်ငန်းများ ပိုမိုလည်ပတ်ကောင်းမွန်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိလာမည်ဖြစ်သည်။ ထို့အပြင် ဝါစေ့ကြိတ်ဖတ်များကို တိရစ္ဆာန်အစားအစာအဖြစ် ထုတ်လုပ်နိုင်မည်ဖြစ်၍ ဝါသီးနှံမှ စီးပွားရေးလုပ်ငန်းများ တွင်ကျယ်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ဝါသီးနှံမှထွက်ရှိသည့် ဝါဂွမ်းမှ ချည်ထည်ပစ္စည်းများ ထုတ်လုပ်နိုင်မည်ဖြစ်၍ ရက်ကန်းစက်များ လည်ပတ်နိုင်ခြင်း၊ ရရှိလာသည့်အထည်အလိပ်များကို အထည်ချုပ်လုပ်ငန်းများတွင် အသုံးပြုနိုင်၍ အလုပ်အကိုင်အခွင့်အလမ်းများ များစွာရရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ ထွက်ရှိလာသည့် ဝါဂွမ်းမှတစ်ဆင့် လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်နိုင်သဖြင့် အကျိုးကျေးဇူးများစွာဖြစ်ထွန်း၍ ဝါအထွက်နှုန်းတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ ဝါမှကုန်ချောနှင့်ချည်ပိတ်များ ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့်ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်သွားရန်ကြိုးစားရမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုသည် ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီအောင် ထုတ်လုပ်နိုင်ကြောင်း သိရသည်။ ထို့ကြောင့် ပြည်တွင်းမှထွက်ရှိသော ဝါများကို ဝါကြိတ်စက်ရုံများတွင် ကြိတ်ခွဲခြင်း၊ ချည်မျှင်စက်ရုံများမှ အဆင့်မီချည်ထုတ်လုပ်ခြင်း၊ အထည်အလိပ်စက်ရုံများမှ ပိတ်များထုတ်လုပ်ခြင်း၊ အထည်ချုပ်စက်ရုံများမှ အဝတ်အထည်များထုတ်လုပ်ခြင်း စသည့်ဝါကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်တွင်း၌ ချည်မျှင်နှင့်အထည်လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာပါက ပြည်ပမှတင်သွင်းနေရမှုကို လျှော့ချနိုင်ပြီး အခွင့်အလမ်းများ ပွင့်လန်းလာမည်ဖြစ်သည်။

မြန်မာနိုင်ငံ၌ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိရာ ရည်မှန်းထားသည့်အတိုင်း စိုက်ဧကပြည့်မီလာပြီး တစ်ဧက ပိဿာ ၇၀၀ ပြည့်မီရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ ဝါသီးနှံရည်မှန်းချက်ပြည့်မီလာပြီဖြစ်၍ ချည်မျှင်နှင့်အထည်စက်ရုံများ တိုးတက်ဖွံ့ဖြိုးလာအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ လက်ရှိတွင် စက်မှုဝန်ကြီးဌာန၌ ဝါကြိတ်စက်ရုံ ၁၆ ရုံရှိပြီး ပုဂ္ဂလိကကဏ္ဍတွင် ဝါကြိတ်စက်ရုံ ၁၉၁ ရုံရှိသည်။ ဝန်ကြီးဌာနတွင် ချည်မျှင်နှင့်အထည်ထုတ်လုပ်သည့်စက်ရုံ ၁၂ ရုံရှိပြီး ပုဂ္ဂလိကသို့ ငှားရမ်းထားသည့်စက်ရုံနှစ်ရုံရှိသည်။ ပုဂ္ဂလိကကဏ္ဍတွင် ချည်မျှင်နှင့် အထည်ထုတ်လုပ်သည့်စက်ရုံကိုးရုံရှိသဖြင့် မြန်မာနိုင်ငံတွင် စက်ရုံ ၂၃ ရုံရှိသည်။

ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ကောင်းမွန်လာပြီး ချည်မျှင်နှင့်အထည်ထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အားကောင်းလာရေးအတွက် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဝါသီးနှံကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာပြီး ဝါနှင့်ချည်မျှင်၊ ချည်ထည်နှင့်အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက နိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ကောင်းမွန်လာပြီး လူမှုစီးပွားဘဝများ တိုးတက်မြင့်မားကာ အလုပ်လက်မဲ့အခြေအနေများကို လျှော့ချနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ဝါစိုက်ပျိုးထုတ်လုပ်မှုကို အားပေးမြှင့်တင်ပြီး ရရှိဖြစ်ထွန်းလာသောအခြေအနေများအပေါ်မူတည်၍ ဝါနှင့်ပတ်သက်သည့် နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ၊ ပုဂ္ဂလိကသို့ ငှားရမ်းထားသည့် စက်ရုံအလုပ်ရုံများ၊ ပုဂ္ဂလိကကဏ္ဍမှ စက်ရုံ၊ အလုပ်ရုံများအားလုံး ဝါကြိတ်ခွဲခြင်းနှင့် ချည်ထုတ်လုပ်ခြင်းလုပ်ငန်းများကို စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။ ။

## ရာဇဝတ်အထူးအယူခံမှု သုံးမှုနှင့် တရားမအထူးအယူခံမှု ခုနစ်မှုတို့ကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု ခုနစ်မှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် ဧပြီ ၂၂

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးခင်မောင်ကြီး၊ ဦးတင်ဟုန်၊ ဦးသောင်းနိုင်၊ ဒေါ်ပြုံးပြုံးအေးတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု အမှတ် ၉/၂၀၂၃ (စစ်ကိုင်း)၊ ၁၀/၂၀၂၃(စစ်ကိုင်း)နှင့် ၁၂/၂၀၂၃(ကချင်)၊ တရားမအထူးအယူခံမှုအမှတ် ၃၂/၂၀၂၃ (ကရင်)၊ ၄၄/၂၀၂၃ (ရှမ်း)၊ ၁/၂၀၂၄ (မန္တလေး)၊ ၁၉/၂၀၂၂ (ဧရာဝတီ)၊ ၅၂/၂၀၂၃ (ကချင်)၊ ၃/၂၀၂၄(မန္တလေး)နှင့် ၄/၂၀၂၄(မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု သုံးမှုနှင့်တရားမအထူးအယူခံမှု ခုနစ်မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၄၅/၂၀၂၃(ရန်ကုန်)၊ ၄၆/၂၀၂၃ (မန္တလေး)၊ ၄၇/၂၀၂၃(မန္တလေး)၊ ၄၈/၂၀၂၃(မန္တလေး)၊ ၄၉/၂၀၂၃(ရှမ်း)၊ ၇/၂၀၂၄ (ရန်ကုန်)နှင့် ၁၀/၂၀၂၄(ဧရာဝတီ)၊ စုစုပေါင်းတရားမအထူးအယူခံမှု ခုနစ်မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများစာဖတ်နှုန်းမြင့်တက်စေရန်ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့) ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၅၈၂၀ စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၁ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ခြင်း(၂၂-၄-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၁၄-၄-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၄-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၅၈၂၀ အား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၁ ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀.၂ ရာခိုင်နှုန်း ဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၂-၄-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၈၀၀ | ၃၁၈ | ၂,၇၉၃,၄၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၄၈၇ | ၁,၄၁၂,၃၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၁,၄၅၀ | ၁,၅၀၀ | ၂,၂၂၄ | ၃,၂၃၆,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၆ | ၁၆,၅၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၁၀၅ | ၁၇၈,၅၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၁၈၀ | ၈၁၉,၈၀၀ |
| MAEX | ၂,၁၀၀ | ၂,၀၅၀ | ၉၆၂ | ၁,၉၉၀,၈၅၀ |

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အကြီးတန်းသတင်းထောက်များ | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - | ဦးဝင်းနိုင် | အငယ်တန်းသတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - | ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| | | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံအတွင်းတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိစေရေး၊ စားသောက်ကုန်များနှင့် အခြေခံလူသုံးကုန်ပစ္စည်းများ သင့်တင့်မျှတသည့် ဈေးနှုန်းများဖြစ်စေရေးနှင့် နိုင်ငံ၏ ငွေကြေးတန်ဖိုးများခိုင်မာစေရေး နိုင်ငံတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

- **နိုင်ငံ့စီးပွားရေးတိုးတက်အောင်ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့နိုင်ငံတွင် မြေခံရေခံကောင်းများနှင့် လူသားအရင်းအမြစ်များရှိပြီးဖြစ်**
- **စီးပွားရေးအရပိတ်ဆို့ခြင်း၊ ကုန်သွယ်ရေးလမ်းကြောင်းများအား ပိတ်ဆို့ခြင်းနှင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်ဆောင်ရွက်၍ ကုန်စည်စီးဆင်းမှုများ နှောင့်နှေးပိတ်ဆို့အောင် ဆောင်ရွက်နေခြင်းများကြောင့် အခက်အခဲအချို့ ဖြစ်ပေါ်နေခြင်းဖြစ်**
- **အဆိုပါအချက်များကို ကျော်လွှားနိုင်မည်ဆိုပါက ကုန်သွယ်မှုများ ကောင်းမွန်လာပြီး နိုင်ငံ့စီးပွားပိုမိုတိုးတက်ကာ ငွေကြေးတန်ဖိုးများလည်း တိုးတက်လာနိုင်မည်၊ နိုင်ငံတစ်နိုင်ငံအနေဖြင့် ထိုက်သင့်သည့်ငွေကြေးတန်ဖိုးတွင် တည်ငြိမ်နေရန်လို**

❂ ရှေ့ဖုံးမှ

### အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ပေါ်များရေးကို အလေးထားဆောင်ရွက်ရန်လို

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ အမျိုးသားရေးရည်မှန်းချက် နှစ်ရပ်မှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါ်များရေးပင်ဖြစ်ကြောင်း၊ တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ တည်ငြိမ်အေးချမ်းမှုရှိပြီး ပြည်သူပြည်သားများအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်ကြောင်း၊ စားရေရိက္ခာပေါ်များရေးအနေဖြင့် နိုင်ငံတော်တွင် လူတစ်ဦးချင်းစီသည် အခြေခံဝင်ငွေဖြင့်ပင် စိတ်အေးချမ်းသာစွာ နေထိုင်စားသောက်နိုင်ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိစေရေး၊ စားသောက်ကုန်များနှင့် အခြေခံလူသုံးကုန်ပစ္စည်းများ သင့်တင့်မျှတသည့် ဈေးနှုန်းများဖြစ်စေရေးနှင့် နိုင်ငံ၏ ငွေကြေးတန်ဖိုးများခိုင်မာစေရေး နိုင်ငံတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံ့စီးပွားရေးတိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့နိုင်ငံတွင် မြေခံရေခံကောင်းများနှင့် လူသားအရင်းအမြစ်များရှိပြီး ဖြစ်ကြောင်း၊ သို့သော် စီးပွားရေးအရပိတ်ဆို့ခြင်း၊ ကုန်သွယ်ရေးလမ်းကြောင်းများအား ပိတ်ဆို့ခြင်းနှင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်ဆောင်ရွက်၍ ကုန်စည်စီးဆင်းမှုများနှောင့်နှေးပိတ်ဆို့အောင် ဆောင်ရွက်နေခြင်းများကြောင့် အခက်အခဲအချို့ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ အဆိုပါအချက်များကို ကျော်လွှားနိုင်မည်ဆိုပါက ကုန်သွယ်မှုများကောင်းမွန်လာပြီး နိုင်ငံ့စီးပွားပိုမိုတိုးတက်ကာ ငွေကြေးတန်ဖိုးများလည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံအနေဖြင့် ထိုက်သင့်သည့်ငွေကြေးတန်ဖိုးတွင် တည်ငြိမ်နေရန်လိုကြောင်း။

တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာပေါ်များရေးအတွက် အဓိကလိုအပ်ချက်မှာ ပြည်တွင်း၌ ထုတ်ကုန်များပြည့်ဝစွာဖြင့် ထုတ်လုပ်နိုင်ရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စားသောက်ကုန်နှင့် လူသုံးကုန်များကို ဒေသအသီးသီး၌ ပြည့်စုံလုံလောက်စွာဖြင့် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် ဆန်၊ စပါး အဓိက စိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း ရှေးယခင်က နိုင်ငံအတွင်း၌ပင် ဆန်၊ စပါးများ ရှားပါးသည်အထိ ဖြစ်ပေါ်ခဲ့ဖူးကြောင်း၊ စာရင်းဇယားများအရ ၁၉၆၂–၁၉၆၃ ခုနှစ်တွင် စပါးအထွက်နှုန်းမှာ တစ်ဧကလျှင် ပျမ်းမျှ ၃၁ တင်းသာဖြစ်ပြီး ၁၉၆၇– ၁၉၆၈ ခုနှစ်၌ ၂၈ ဒသမ ၃ တင်းအထိဖြစ်ခဲ့ဖူးကြောင်း၊ ထိုသို့ဖြစ်ပေါ်ရခြင်းမှာ ဒေသတွင်း၌ ရာသီဥတုဖောက်ပြန်ဆိုးရွားမှုများကြောင့် စပါးအထွက်နှုန်းများကျဆင်းပြီး ဆန်စပါးများ ရှားပါးခဲ့ရခြင်းဖြစ်ပြီး ဒေသတွင်းရှိ နိုင်ငံများတွင်လည်း အလားတူဖြစ်စဉ်မျိုး ဖြစ်ပေါ်ခဲ့ခြင်းများရှိခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ခေတ်အဆက်ဆက်တွင် စပါးအထွက်နှုန်းများတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံအတွင်း၌ စားရေရိက္ခာဖူလုံမှုရှိစေရေး အမြဲဆောင်ရွက်နေရန်လိုကြောင်း၊ သီးထပ်စွမ်းအားများ တိုးတက်အောင်ဆောင်ရွက်ရာတွင်လည်း စနစ်တကျဖြင့် ဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံ၏ စိုက်ပျိုးစွမ်းအားများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို အောင်မြင်စွာ ထုတ်လုပ်နိုင်သည့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိသည့် နိုင်ငံတစ်ခုဖြစ်သဖြင့် နိုင်ငံတကာတွင် စားနပ်ရိက္ခာလုံခြုံရေး (Food Security)ကို အထောက်အကူပြုနိုင်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ၏ဝင်ငွေကိုလည်း တိုးတက်လာမည်ဖြစ်သဖြင့် မိမိတို့၏ရည်မှန်းချက်ဖြစ်သည့် စားရေရိက္ခာပေါ်များရေးကို အလေးထားဆောင်ရွက်ကြစေလိုကြောင်း။

### ဆီထွက်သီးနှံများ ပြည့်ဝစွာထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လို

ဆီထွက်သီးနှံနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် နှစ်စဉ်ပြည်ပမှ စားသုံးဆီများ တင်သွင်းနေရကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် ဆီထွက်သီးနှံထွက်ကုန်များကို ပြည်ပသို့ တင်ပို့နေခြင်းများလည်းရှိကြောင်း၊ ဆီထွက်သီးနှံများ အထွက်နှုန်းပြည့်ဝစွာဖြင့် ထုတ်လုပ်နိုင်ရေးနှင့် အချက်အလက်များ မှန်ကန်စွာ ရယူနိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် အချက်(၄)ချက်သည် အဓိက အရေးကြီးသဖြင့်စနစ်တကျဖြင့်အသုံးချရန်လိုကြောင်း၊ ရေလုံလောက်စွာရရှိရေးအတွက် မြစ်ရေတင်စီမံကိန်းများကို စနစ်တကျဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ လက်ရှိအချိန်သည် စိုက်ပျိုးရေးလုပ်ငန်းများ မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် တွန်းအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ဆီထွက်သီးနှံများကို တစ်ဧကအထွက်နှုန်းအတိုင်း ပြည့်ဝစွာထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းစားသုံးဆီ လိုအပ်ချက်များကို များစွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် ပြည်ပငွေသုံးစွဲမှု များစွာလျှော့ချနိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ဝါဂွမ်းများစိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး အချို့ကို ပြည်ပသို့တင်ပို့လျက်ရှိပြီး အချို့ကို ပြည်တွင်း၌ သုံးစွဲနေသည်ကို တွေ့ရကြောင်း၊ အလားတူ ပြည်ပမှ ချည်နှင့် ပိတ်များကိုလည်း ပမာဏများစွာ တင်သွင်းနေရကြောင်း၊ ဝါစိုက်ပျိုးထုတ်လုပ်မှုကိုလည်း အဆင့်မီသည့် ဝါဂွမ်းများထုတ်လုပ်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှ ချည်နှင့်ပိတ်များ တင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ လာမည့်မိုးရာသီတွင် သီးနှံများ အောင်မြင်ဖြစ်ထွန်းမှုရှိစေရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ယခုကတည်းက ဆောင်ရွက်ထားရှိရန်လိုကြောင်း။

### သဘာဝဘေးအန္တရာယ်လျှော့ချနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လို

ယခုအခါ ရာသီဥတုဖောက်ပြန်မှုများဖြစ်ပေါ်လျက်ရှိခြင်းကြောင့် သဘာဝဘေးအန္တရာယ်ကို ရှောင်ရှားနိုင်ခြင်းမပြုနိုင်သော်လည်း ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ပြင်ဆင်မှုများဖြင့် လျှော့ချနိုင်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အတွေ့အကြုံများစွာရှိပြီးဖြစ်သဖြင့် ပင်လယ်ကမ်းရိုးတန်းဒေသများအနေဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် အရေးပေါ်အခြေအနေအတွက် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေရန်လိုကြောင်း၊ သစ်ပင်သစ်တောစိုက်ပျိုးခြင်းများဖြင့် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက် လျှော့ချနိုင်သဖြင့် ဒေသအသီးသီးရှိ ကျေးရွာအုပ်စုများအလိုက် သစ်တောစိုက်ခင်းများစိုက်ပျိုးပြီး နိုင်ငံတစ်ဝန်း၌ သစ်ပင်သစ်တောများ ဖြစ်ထွန်းအောင်မြင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ သစ်တောပြုန်းတီးမှုများ မရှိစေရေးအတွက်လည်း အမျိုးသားရေးစိတ်ဓာတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းများကို ဆောင်ရွက်ထားကြရန်လိုကြောင်း။

### အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြင့် ပညာသင်ကြားနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိရန်လို

ဇွန်လအတွင်း အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်သဖြင့် စာသင်ကျောင်းများ သန့်ရှင်းသာယာလှပရေး၊ ကျောင်းဥပစိရပ်များ ကောင်းမွန်စေရေးနှင့် ပရိဘောဂများပြည့်စုံကောင်းမွန်စေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးထားရန်လိုကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပညာရေးနှောင့်နှေးခဲ့ရသည့် ဒေသအချို့တွင်လည်း အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားကြရန်လိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများကို ပညာရည်အဆင့်များအလိုက် ထိုက်သင့်သည့်ဘွဲ့များ ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်ကျောင်းများ ပြန်လည်ကောင်းမွန်စေရေးနှင့် လာမည့်ပညာသင်နှစ်တွင် ကျောင်းများအားလုံးဖွင့်လှစ်သင်ကြားနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ ကျောင်းနေအရွယ် ကလေးအားလုံး လုံလုံခြုံခြုံဖြင့် ပညာသင်ကြားနိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးရန် တာဝန်ရှိကြောင်း၊ တစ်ဆက်တည်းတွင် စာကြည့်တိုက်များနှင့် ပတ်သက်၍လည်း စာကြည့်တိုက်လုပ်ငန်းများ စဉ်ဆက်မပြတ်လည်ပတ်မှုရှိစေရေး၊ စာကြည့်တိုက်များတွင် ရှိသင့်ရှိထိုက်သည့် စာအုပ်စာပေများ စုံစုံလင်လင်ထားရှိနိုင်ရေး၊ ကျေးလက်နေပြည်သူများ အသိပညာတိုးပွားနိုင်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အဓိက အထောက်အကူပြုပေးနိုင်သည့် စာအုပ်စာပေများထားရှိနိုင်ရေး စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ အများပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်အောင် စာပေကုသိုလ်ဖြင့် ဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ကောက်ရိုးမီးကဲ့သို့ မဟုတ်ဘဲ ရေရှည်အတွက်ကြည့်၍ စီမံဆောင်ရွက်ကြစေလိုကြောင်း။

**စာမျက်နှာ ၄ သို့ »»**

- **အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်ကျောင်းများ ပြန်လည်ကောင်းမွန်စေရေးနှင့် လာမည့် ပညာသင်နှစ်တွင် ကျောင်းများအားလုံးဖွင့်လှစ်သင်ကြားနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ကျောင်းနေအရွယ် ကလေးအားလုံး လုံလုံခြုံခြုံဖြင့် ပညာသင်ကြားနိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးရန် တာဝန်ရှိ**
- **စာကြည့်တိုက်များနှင့်ပတ်သက်၍လည်း စာကြည့်တိုက်လုပ်ငန်းများ စဉ်ဆက်မပြတ်လည်ပတ်မှုရှိစေရေး၊ စာကြည့်တိုက်များတွင် ရှိသင့်ရှိထိုက်သည့် စာအုပ်စာပေများ စုံစုံလင်လင်ထားရှိနိုင်ရေး၊ ကျေးလက်နေပြည်သူများ အသိပညာတိုးပွားနိုင်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အဓိက အထောက်အကူပြုပေးနိုင်သည့် စာအုပ်စာပေများ ထားရှိနိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်**
- **အများပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်အောင် စာပေကုသိုလ်ဖြင့် ဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ကောက်ရိုးမီးကဲ့သို့မဟုတ်ဘဲ ရေရှည်အတွက်ကြည့်၍ စီမံဆောင်ရွက်ကြစေလို**

»»» စာမျက်နှာ ၃ မှ

### အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်

အားကစားနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် လှုပ်ရှားမှုအားနည်းချက်များရှိနေဆဲ ဖြစ်သည်ကို တွေ့မြင်နေရကြောင်း၊ ယှဉ်ပြိုင်မှုရှိမှသာ တိုးတက်မှုရှိမည်ဖြစ်သဖြင့် အားကစားသမားများ စဉ်ဆက်မပြတ် ယှဉ်ပြိုင်နိုင်ရေးအားကစားပွဲများကို ဒေသအလိုက် ကျင်းပပေးနေရန်လိုကြောင်း၊ ထိုသို့ကျင်းပပေးခြင်းအားဖြင့် စုစည်းညီညွတ်သည့်၊ အဖွဲ့အစည်းနှင့်အောင်မြင်မှုရရှိအောင်ဆောင်ရွက်တတ်သည့် စိတ်ဓာတ်များနှင့် တိုင်းချစ်ပြည်ချစ်စိတ်များ ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း၊ အားကစားသမားများအနေဖြင့် ကျန်းမာကြံ့ခိုင်သည့် ရုပ်သွင်ပြင်လက္ခဏာရှိရန်လိုသကဲ့သို့ အားကစား စိတ်ဓာတ်အပြည့်ဖြင့်ယှဉ်ပြိုင်ရန်လိုကြောင်း၊ နိုင်ငံ၏အားကစားအဆင့်အတန်းကို မဖြစ်မနေမြှင့်တင်ပေးရန် လိုအပ်သည့်အတွက် မိမိတို့အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အထွေထွေဆွေးနွေးခြင်းအဖြစ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက ဝါစေ့ဆီကြိတ်စက်နှင့် ဝါကြိတ်စက်များ ပြည်တွင်း၌ထုတ်လုပ်နိုင်ရေးဆောင်ရွက်နေမှုနှင့် ဝါသီးနှံမှတစ်ဆင့် စားသုံးဆီနှင့် အရည်အသွေးမီချည်မျှင်များထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်က ပြည်ပသို့အလုပ်သမားများ စေလွှတ်ပေးနိုင်မှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက် ပြောကြားရာတွင် ကျေးလက်စာကြည့်တိုက်များသို့ စာအုပ်စာစောင်များလှူဒါန်းရာတွင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများတိုးတက်စေရေးအတွက် စာအုပ်စာစောင်များကို ဦးစားပေးအနေဖြင့် လှူဒါန်းကြစေလိုကြောင်း၊ အားကစားနှင့်ပတ်သက်၍လည်း အပျော်တမ်းအဆင့်မှစ၍ Professional အဆင့်သို့ သွားရခြင်းဖြစ်သဖြင့် သက်ဆိုင်ရာ အားကစားနည်းအလိုက် နည်းပြများ၏ အရည်အချင်းများ ကောင်းမွန်စေရေးဆောင်ရွက်ပေးရန်လိုကြောင်း၊ ထို့ကြောင့် အားကစားအသင်းများ စတင်ဖွဲ့စည်းစဉ်ကပင် စနစ်တကျဖြင့် လေ့ကျင့်ပေးရန်လိုကြောင်း ပြောကြားသည်။

### လူငယ်ကဏ္ဍမြှင့်တင်ရေးအတွက် မိဘ၊ ဆရာနှင့်တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်း၍ အလေးထား ဆောင်ရွက်ပေးကြစေလို

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် လေကြောင်းလူငယ်နှင့် ရေကြောင်းလူငယ်သင်တန်းများ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ လူငယ်လူရွယ်များအနေဖြင့် ကျောင်းပိတ်ရက်ကာလကို အကျိုးရှိရှိဖြင့်အသုံးချနိုင်ရေး မိဘများနှင့် တာဝန်ရှိသူများအနေဖြင့် စီစဉ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ လူငယ်များသည် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များဖြစ်ပြီး နိုင်ငံ့တာဝန်ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်လူရွယ်များ၏အကျင့်စာရိတ္တများ ကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များရရှိပြီး တိုင်းပြည်၏ဂုဏ်ကိုမြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုစောင့်ထိန်းလိုစိတ်များ ဖြစ်ပေါ်စေရေးအတွက် စနစ်တကျဖြင့် လေ့ကျင့်ပျိုးထောင်ပေးရန်လိုကြောင်း၊ ကျောင်းသားကျောင်းသူ လူငယ်လူရွယ်များအနေဖြင့် ပညာသင်ကြားရာတွင် အခြေခံမှစ၍သိရှိနားလည်နိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးရန် လိုကြောင်း၊ လူငယ်ကဏ္ဍမြှင့်တင်ရေးအတွက် မိဘ၊ ဆရာနှင့် တာဝန်ရှိသူများ အားလုံးက ဝိုင်းဝန်း၍ အလေးထား ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## တာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၃၃ / ၂၀၂၄**
**၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်**
**(၂၀၂၄ ခုနှစ်၊ မေလ ၂၂ ရက်)**
**တာဝန်မှအနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အား ကျန်းမာရေးအရ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သမိုင်းဝင်ရှေးဟောင်းအမွေအနှစ်များကို ရှာဖွေဖော်ထုတ် ထိန်းသိမ်းလျက်ရှိ



တူးဖော်တွေ့ရှိသည့် ပဲခူးမြို့အနီး ဟံသာဝတီခေတ် ရှေးဟောင်းဆင်ကျုံးနေရာအား တာဝန်ရှိသူများ လာရောက်ကြည့်ရှုစဉ်။

**ရန်ကုန် မေ ၂၂**

ပဲခူးတိုင်းဒေသကြီး အတွင်းရှိ သမိုင်းဝင်ရှေးဟောင်း အမွေအနှစ်များကို ရှာဖွေဖော်ထုတ်နေကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

**ထိန်းသိမ်းဆောင်ရွက်**

ယင်းသို့ ဆောင်ရွက်လျက်ရှိရာ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ပြန်လည်တူးဖော်ကာ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။ “လက်ရှိလုပ်နေတဲ့ လုပ်ငန်းတွေရှိတယ်။ ကျွန်တော်တို့လက်ထက်မှာတော့ သမိုင်းဝင်ပါ။ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် သမိုင်းဝင်ပါ။ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်မှာရှိတဲ့ ကျုံးတို့၊ မြို့ရိုးတံတားတို့၊ မြို့ရိုးတို့ ဒါတွေအကုန်လုံးပြန်ဖော်နေတယ်။ ကျုံးတစ်ခုတည်းမဟုတ်ဘူး။ ကျွန်တော်တို့ ဒီသိန္နီ တံတားဘက်မှာလည်း ကျုံးတွေ ပြန်ဖော်နေတယ်။ ဘုရင့်နောင်မင်းတရားကြီး ယာယီထီးနန်းစိုက်ခဲ့တဲ့ ကျုံးနေရာမှာလည်း ဆင်ကျုံးကို တူးဖော်နေတယ်။ ရှေးဟောင်း အမွေအနှစ်တွေ အများကြီးရတယ်။ ကျွန်တော်တို့ အစွမ်းကုန် လုပ်ဆောင်နေပါတယ်” ဟု ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက ပြောသည်။ မေ ၂၁ ရက်ကလည်း ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့အနီး ဟံသာဝတီခေတ် ရှေးဟောင်းဆင်ကျုံးနေရာ ရှာဖွေဖော် ထုတ်ထိန်းသိမ်း ဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုခဲ့ကြောင်း သိရသည်။

ထိုသို့ သွားရောက်ကြည့်ရှုစဉ် ဆင်ကျုံးအတွင်း စိုက်ထူထားသည့် ရှေးဟောင်းကျွန်းတိုင်များကို မူလအတိုင်း စနစ်တကျ ထိန်းသိမ်းသွားရန်၊ ဆင်ကျုံးပတ်လည်ရှိ အုတ်ရိုးများ၊ ဆင်ကျုံးအဝင်လမ်းများ စနစ်တကျ ဖော်ထုတ်ရန်၊ တူးဖော်ရရှိသည့် အထောက်အထားများဖြင့် ဆင်ကျုံးပတ်လည်တွင် ပွဲကြည့်စင်များပါရှိသည့်အတိုင်း ဆင်ကျုံးနမူနာပြတိုက်ပုံစံငယ်များ ထားရှိသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် အဆိုပါနေရာများသို့ အများပြည်သူ လာရောက်လည်ပတ်နိုင်စေရေး ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနနှင့် ချိတ်ဆက်၍ ခရီးစဉ်သစ်များ ထည့်သွင်းဆောင်ရွက်သွားရန်လည်း ပြောကြားခဲ့သည်။

**Thit Taw**

## တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း / တပ်ဖွဲ့များ၌ ကျောင်းသား ကျောင်းသူများအတွက် နွေရာသီသင်တန်းများဖွင့်လှစ်

**နေပြည်တော် မေ ၂၂**

ကျောင်းသား ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အားလပ်ချိန်များကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ဘာသာ၊ သာသနာကို တန်ဖိုးထားတတ်စေရန်၊ မြတ်ဗုဒ္ဓ၏ အဆုံးအမနှင့် ကျင့်စဉ်များကို ပိုမိုနက်ရှိုင်းစွာ နားလည်စေရန်နှင့် အကျင့်စာရိတ္တကောင်းမွန်ပြီး ပညာထူးချွန်သူများဖြစ်လာစေရန်၊ လက်တွေ့ အသုံးချဘာသာရပ်များနှင့်အတူ ဗဟုသုတရစေပြီး အတတ်ပညာများ တိုးပွားစေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များ၌ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာသင်တန်း၊ ကွန်ပျူတာသင်တန်း၊ မြန်မာ့သိုင်းသင်တန်း၊ အခြေခံအင်္ဂလိပ်သဒ္ဒါနှင့် စကားပြောသင်တန်းများစသည်ဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

**ဖွင့်လှစ်**

ထိုသို့ ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း၌လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တနိုင်းတပ်နယ်ခန်းမ၌လည်းကောင်း ဖွင့်လှစ်ရာ သက်ဆိုင်ရာ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ သင်တန်းနည်းပြများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားများ ပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

# နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ်တွင် လယ်ယာသန်းခေါင်စာရင်း စမ်းသပ်ကောက်ယူမှု စတင်

**နေပြည်တော် ဧပြီ ၂၂**

လယ်ယာသန်းခေါင်စာရင်း စမ်းသပ်ကောက်ယူမှု စတင်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် သင်တန်းခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စာရင်းကောက်လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ပေးကြမည့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နှင့် ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်းတို့မှ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။



**ဆောင်ရွက်ရန်ကျန်ရှိနေ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့နိုင်ငံများ၏ (၁၀)နှစ်တစ်ကြိမ် လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများတွင် မြန်မာနိုင်ငံစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနက ကမ္ဘာ့လယ်ယာသန်းခေါင်စာရင်း လမ်းညွှန်ချက် (World Census of Agriculture Guidelines) များနှင့်အညီ FAO ၏ နည်းပညာအကူအညီဖြင့် ၁၉၅၃ ခုနှစ်၊ ၁၉၉၃ခုနှစ်၊ ၂၀၀၃ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်တို့တွင် တာဝန်ယူအကောင် အထည်ဖော်ခဲ့ကြောင်း၊ ၂၀၂၀ပြည့်နှစ်တွင် ကျရောက်ခဲ့သည့် World Census of Agriculture 2020 Round ကို နိုင်ငံပေါင်း ၂၀၈ နိုင်ငံပါဝင်ခွင့်ရခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ယခု ဧပြီလအထိ ၁၀၇ နိုင်ငံသာ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ ဆောင်ရွက်ဆဲ ၂၇ နိုင်ငံနှင့် မြန်မာနိုင်ငံအပါအဝင် ၇၄ နိုင်ငံက ဆောင်ရွက်ရန် ကျန်ရှိနေကြောင်း၊ တစ်နိုင်ငံလုံး၌ မဆောင်ရွက်မီ စမ်းသပ်ကောက်ယူခြင်းကို နိုင်ငံတကာ၏ ကျွမ်းကျင်မှုဆိုင်ရာ အကူအညီမပါဘဲ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ FAO ၏ ပဏာမဆန်းစစ်ခြင်း ခံယူပြီးဖြစ်သည့် နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီသော မေးခွန်းလွှာသုံးစုံဖြင့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခုစမ်းသပ်ကောက်ယူမည့်လယ်ယာသန်းခေါင်စာရင်းစီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံတော်၏စားနပ်ရိက္ခာနှင့် လယ်ယာကဏ္ဍဖွဲ့စည်းတည်ဆောက်ပုံ (Structure) ကို ဖော်ပြသည့် အချက်အလက်များရရှိစေရန် ၊ အဆိုပါ အချက်အလက်များဖြင့် စီမံကိန်းရေးဆွဲသူများနှင့် မူဝါဒချမှတ်သူများအတွက် စာရင်းအင်းအချက်အလက် လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရန်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍဆိုရာတွင် မွေးမြူရေးကဏ္ဍသည် အလိုအလျောက်ပါဝင်ခဲ့ပြီး အဆိုပါကဏ္ဍကြီးတစ်ခုလုံးတွင် ပါဝင်လုပ်ကိုင်နေကြသော တောင်သူလယ်သမားအိမ်ထောင်စုဝင်များ၏ လူမှုစီးပွား အချက်အလက်များ၊ ထုတ်လုပ်မှုဆိုင်ရာစာရင်းအင်းအချက်အလက်များ၊ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖော်ပြသော စာရင်းများကိုလည်း တစ်ပါတည်း ရယူတွေ့ရှိနိုင်မည်ဖြစ်ကြောင်း။

စာရင်းကောက်လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ကြမည့် ကျောင်းသား ကျောင်းသူများ၊ စာရင်းကောက်ဝန်ထမ်းများကို မှာကြားလိုသည်မှာ မိမိတို့နိုင်ငံ၏ လယ်ယာကဏ္ဍဆိုင်ရာ တိုးတက်မှု၊ ဆုတ်ယုတ်မှုအပေါ် ခန့်မှန်းတွက်ချက်ရမည့်အခြေခံအချက်အလက်များ မှန်ကန်စွာရရှိရေးအတွက် ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သဖြင့် လွန်စွာအရေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်၍ အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပညာသင်ယူဆဲကာလတွင် ယခုကဲ့သို့ လယ်ယာကဏ္ဍအတွက် အရေးပါသည့် စာရင်းအင်းကောက်ယူပြုစုခွင့် အတွေ့အကြုံကို မိမိတို့ဘဝတစ်သက်တာ ဖြတ်သန်းဆောင်ရွက်ကြရမည့် လုပ်ငန်းခွင်များတွင် မလွဲမသွေထည့်သွင်း အသုံးချနိုင်ကြမည်ဖြစ်၍ ယခုလုပ်ငန်းစဉ်အပေါ် ကြိုးကြိုးစားစားဖြင့် စိတ်ပါဝင်စားစွာ ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး စမ်းသပ်ကောက်ယူမှုသမိုင်း၊ စမ်းသပ်ကောက်ယူမည့် လယ်ယာသန်းခေါင်စာရင်းစီမံကိန်း၏ အဓိကရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ စာရင်းကောက်ဝန်ထမ်းများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နှင့် ပျဉ်းမနား စိုက်ပျိုးရေး သိပ္ပံကျောင်းတို့မှ ကျောင်းသားကျောင်းသူများပါဝင်သော အဖွဲ့များသည် လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း စမ်းသပ်ကောက်ယူမည့် သတ်မှတ်ဒေသများသို့ စတင်ထွက်ခွာကြသည်။

လယ်ယာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို တိုင်းဒေသကြီး /ပြည်နယ်များရှိ မြို့နယ် ၂၆၇ ခုမှ ကျေးရွာ ၄၃၀၄၆ ရွာတွင်ဆောင်ရွက်ရမည်ဖြစ်သော်လည်း ပထမအဆင့် စမ်းသပ်ကောက်ယူခြင်းကို တပ်ကုန်းမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်များမှ ကျေးရွာ ၂၃၂ ရွာရှိအိမ်ထောင်စု ၄၆၄၀၀ ထံ ကွင်းဆင်းကောက်ယူသွားမည်ဖြစ်ရာ ပထမအသုတ်အနေဖြင့် ဥတ္တရသီရိမြို့နယ် ကျေးရွာ ၅၇ ရွာမှ အိမ်ထောင်စု ၁၁၄၀၀ ကို ကျေးရွာအုပ်စုဆိုင်ရာ မေးခွန်း ၆၄ ချက်၊ ပင်မလယ်ယာသန်းခေါင်စာရင်း မေးခွန်း ၁၇ ချက်၊ နောက်ဆက်တွဲ လယ်ယာသန်းခေါင်စာရင်း မေးခွန်းလွှာ ၁၅၂ ချက်ကို မေးမြန်း ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်အနောက်ပိုင်းခရိုင်လူထုအခြေပြုဗဟိုဌာန(ဗဟန်း)၌ စာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်



**ရန်ကုန် ဧပြီ ၂၂**

ရန်ကုန်အနောက်ပိုင်းခရိုင် လုထုအခြေပြု ဗဟိုဌာန(ဗဟန်း)၌ စာကြည့်တိုက်ပညာသင်တန်း(၁/၂၀၂၄)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက အဖွင့်အမှာစကားပြောကြားသည်။

**ပြောကြား**

ဆက်လက်၍သင်တန်းနည်းပြဆရာ ဦးမောင်မောင်ဦး (ဟိန်းလတ်) က စာကြည့်တိုက်မှူးများ စွမ်းရည်မြှင့်သင်တန်း ပို့ချဆောင်ရွက်ရမည့်အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်နှင့် သင်တန်းစည်းကမ်းချက်များကိုလည်းကောင်း ပြောကြားခဲ့သည်။

အဆိုပါ စာကြည့်တိုက်ပညာသင်တန်း(၁/၂၀၂၄)ကို ဧပြီ ၂၂ ရက်မှ၂၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ သင်တန်းသား သင်တန်းသူ ၂၃ ဦးတက်ရောက်ကြ၍ စာကြည့်တိုက်ပညာလုပ်ငန်းများကို စာကြည့်တိုက်ပညာရှင်များဖြစ်သော ဦးမောင်မောင်ဦး စာရေးဆရာ(ဟိန်းလတ်)၊ ဒေါက်တာ ခင်လေးစိုးနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်းတို့က စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ပိုလ်မြတ်ထွန်းတံတားရေလမ်း ပြောင်းလဲသတ်မှတ်

**နေပြည်တော် ဧပြီ ၂၂**

ဗိုလ်မြတ်ထွန်းတံတားရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် အစုန်ရေလမ်းကို ရေလယ်တိုင်အမှတ်(၁၄)နှင့် (၁၅)အကြားမှ လည်းကောင်း၊ အဆန်ရေလမ်းကို ရေလယ်တိုင်အမှတ်(၁၃)နှင့် (၁၄)အကြားမှ လည်းကောင်း သတ်မှတ်ပေးထားသည်။ ယခုအခါ ရေလမ်းကြောင်း အခြေအနေအရ တံတားရေလမ်းကြောင်းကို ဧပြီ ၂၅ ရက်မှစ၍ အစုန်ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၁)နှင့် (၁၂)အကြားမှ လည်းကောင်း၊ အဆန်ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၀)နှင့်(၁၁)အကြားမှလည်းကောင်း ပြောင်းလဲသတ်မှတ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ ၃၆၀ ရှိပြီး၊ ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ၅၅ ပေရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍၊ ညအခါ မီးစိမ်းထွန်းပြသထားပါမည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ် အမှတ်အသား ပြသ၍ ညအခါ မီးနီထွန်း ပြသထားမည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင် အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် (၁၅ )ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင် ခုတ်မောင်းခြင်း မပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ် လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်း ခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေး နှိုးဆော်ချက် သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# ရောဝတီတံတား( ညောင်တုန်း )ရေလမ်း ပြောင်းလဲသတ်မှတ်

**နေပြည်တော် ဧပြီ ၂၂**

ရောဝတီတံတား( ညောင်တုန်း )ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် အစုန်ရေလမ်းကို ရေလယ်တိုင်အမှတ် (၁၅)နှင့်(၁၆)အကြားမှ လည်းကောင်း၊ အဆန်ရေလမ်းကို ရေလယ်တိုင်အမှတ် (၁၄)နှင့်(၁၅)အကြားမှလည်းကောင်း သတ်မှတ်ပေးထားသည်။ ယခုအခါ ရေကြောင်းရေလမ်းအခြေအနေအရ တံတားရေလမ်းကြောင်းကို ဧပြီ ၂၅ ရက်မှစ၍ အစုန်ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၆ )နှင့် (၁၇ )အကြားမှ လည်းကောင်း၊ အဆန်ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၅) နှင့်(၁၆)အကြားမှလည်းကောင်း ပြောင်းလဲသတ်မှတ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ကင်းလွတ်အကျယ်မှာ ၂၆၂ ပေရှိပြီး၊ ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ၅၇ ပေရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍၊ ညအခါ မီးစိမ်းထွန်း ပြသထားပါမည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ် အမှတ်အသား ပြသ၍ ညအခါ မီးနီထွန်း ပြသထားမည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင် အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ( ၁၅ )ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန် ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ် လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေး နှိုးဆော်ချက်သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# မေလမှာ မုန်တိုင်းဝင်ရောက်နိုင်ခြေရှိခြင်း ...

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇ **ဒေါက်တာ မောင်ကျော်၊ ပါမောက္ခချုပ်(ငြိမ်း)** ◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

- မြန်မာနိုင်ငံမှာ မုန်တိုင်းတွေဟာ ရခိုင်ကမ်းရိုးတန်းမြို့ကြီးတွေကို ဝင်ရောက်တိုက်ခတ်လေ့ရှိပြီး မိုးမကျမီ ဧပြီနဲ့မေလ၊ မိုးနှောင်း အောက်တိုဘာနဲ့ နိုဝင်ဘာလတို့တွင် ဝင်ရောက်လေ့ရှိပါတယ်။
- ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့မှာ နာဂစ်မုန်တိုင်းကြီးဒဏ်ကို ဧရာဝတီနဲ့ ရန်ကုန်တိုင်းဒေသကြီးတို့ အလူးအလဲခံခဲ့ရပါတယ်။
- ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့မှာ မိုခါမုန်တိုင်းဟာ ရခိုင်ပြည်နယ် စစ်တွေမြို့အနီးထိ လေတိုက်နှုန်း တစ်နာရီကီလိုမီတာ ၂၅၀ နဲ့ ဝင်ရောက်ခဲ့တာမို့ မိုးလေဝသသမိုင်းတစ်လျှောက်မှာ စံချိန်အမြင့်ဆုံးဖြစ်ခဲ့ပါတယ်။ သဘာဝမုန်တိုင်းကြီးတွေ အန္တရာယ်က ဘယ်လိုကာကွယ်နိုင်မလဲ။

**အထောက်အထားများ**

မြန်မာနိုင်ငံဟာ သဘာဝဘေးအန္တရာယ်တွေအနက် လေပြင်းမုန်တိုင်းဒဏ်နဲ့ ရေကြီးရေလျှံမိုးတဲ့အန္တရာယ်ကို မကြာခဏခံစားကြရပြီး လေပြင်းမုန်တိုင်းကိုတော့ ရခိုင်ပြည်နယ်က နှစ်စဉ်လိုပဲခံစားရတာကို တွေ့ရပါတယ်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းက စတင်ဖြစ်ပေါ်လာတဲ့ မုန်တိုင်းကြီးတွေဟာ မြောက်ဘက်ကိုရွေ့လျားပြီး အိန္ဒိယနိုင်ငံအရှေ့ပိုင်းကမ်းခြေ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းနဲ့ မြန်မာနိုင်ငံ ရခိုင်ပြည်နယ် ကမ်းရိုးတန်းအတိုင်း ထွက်ပေါက်ရှာတိုက်ခတ်တဲ့သဘောရှိပါတယ်။ ပင်လယ်ကမ်းခြေတစ်ခုခုမှ ပြင်းထန်တဲ့အရှိန်အဟုန်နဲ့ လမ်းကြောင်းသင့်ရာ ဖြတ်ကျော်တိုက်ခတ်ပြီး ထွက်ပေါက်ရရှိတဲ့နေရာကနေ ကုန်းတွင်းကိုဝင်ရောက်တဲ့သဘောကို တွေ့ရှိရပါတယ်။

ရခိုင်ပြည်နယ်ကတော့ မြန်မာနိုင်ငံရဲ့ အနောက်ဘက်အကျဆုံးဒေသ၊ ရခိုင်ရိုးမနဲ့ ဘင်္ဂလားပင်လယ်အော်အကြားမှာ တည်ရှိပါတယ်။ အကျယ်အဝန်းစတုရန်းမိုင်ပေါင်း ၁၄၂၀၀ ၊ ကမ်းရိုးတန်းမိုင် ၃၆၀၊ မြောက်ဘက်ပိုင်း အကျယ်ဆုံးနေရာ မိုင် ၁၀၀၊ တောင်ဘက်ပိုင်း အကျယ်ဆုံးနေရာ မိုင် ၂၀ ရှိပါတယ်။ မြောက်ဘက်ပိုင်းမှာ တောင်တန်းမြင့်မားပြီး တောင်ဘက်ပိုင်းမှာ ဆင်ခြေလျှောဖြစ်ကာ တောတောင်များပြားတာကို မြင်နိုင်ပါတယ်။

မုန်တိုင်းတွေရဲ့ထွက်ပေါက်ဟာ အကျယ်ဝန်းဆုံးသော ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်တယ်ဆိုတာ ပထဝီဝင်သဘောအရရော၊ အထောက်အထားများအရရော တွေ့ရှိနိုင်ပါတယ်။ ပြောမယ်ဆိုရင် မုတ်သုံလေနဲ့ မုန်တိုင်းတွေအတွက် ထွက်ပေါက်ဟာ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် အောက်မြန်မာနိုင်ငံ၊ ပြည်တွင်းကိုဝင်လာတာဟာ ပထဝီ၊ ရေမြေတောတောင်တွေကြောင့် ဖြစ်တယ်ဆိုတာ မြင်နိုင်ပါတယ်။



မုန်တိုင်းသဘောအရ ကြီး၊ ငယ်မဟူ ပြင်းထန်လေ့ရှိပြီး ရခိုင်ရိုးမတောင်တန်းကို ဖြတ်ကျော်ကာ နိုင်ငံရဲ့မြောက်ဖျားထိ မိုးရွာသွန်းဖို့အကြောင်းတရားဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် ဒီမုတ်သုံလေ၊ မုန်တိုင်းငယ်လေးတွေကြောင့် နှစ်စဉ်ဆိုသလို မိုးရွာသွန်းတာ၊ ရံဖန်ရံခါရေကြီးရေလျှံတာတွေကို ဧရာဝတီ၊ ရန်ကုန်နဲ့ ပဲခူးတိုင်းဒေသကြီးတွေမှာ တွေ့ကြုံရ၊ စိုက်ပျိုးရေရတာဖြစ်ပါတယ်။

ရခိုင်ကမ်းရိုးတန်းမှာရှိတဲ့ စစ်တွေ၊ ကျောက်ဖြူ၊ ဂွမြို့တွေကို မုန်တိုင်းကြီးတွေ ဝင်ရောက်တိုက်ခတ်တဲ့လဟာ မေလဖြစ်ပါတယ်။ နာဂစ်မုန်တိုင်းကြီးကတော့ ရခိုင်ပင်လယ်ကမ်းရိုးတန်းကို မဝင်တော့ဘဲ ဧရာဝတီနဲ့ ရန်ကုန်တိုင်းဒေသကြီးကို ဝင်ရောက်တိုက်ခတ်ခဲ့တာဟာလည်း မေလ ၂ ရက်နေ့ ဖြစ်ပါတယ်။

Day of impact 02-05-2008





Figure 2: landfall time of impact to time of settle (day/UTC) taken from the JTWC archives

၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့မှာ အလွန်အားပြင်းတဲ့ မိုခါမုန်တိုင်းဟာ မြန်မာ့ကမ်းရိုးတန်း ရခိုင်ပြည်နယ် စစ်တွေမြို့အနီးထိ ဝင်ရောက်တိုက်ခတ်ခဲ့ပါတယ်။

**မေလမှာ မုန်တိုင်းဝင်ရောက်တိုက်ခတ်နိုင်...**

**တွေ့ရှိချက်က ဘာလဲဆိုတော့ မုန်တိုင်းကြီးတွေဟာ မြောက်ဘက်ကနေ တောင်ဘက်ကို ရွေ့လျားဝင်ရောက်တိုက်ခတ်လာတဲ့သဘောရှိပါတယ်။ မိုးဦး ဧပြီနဲ့ မေလမှာ မုန်တိုင်းကြီးတွေ ဝင်ရောက်တိုက်ခတ်နိုင်တယ်ဆိုတာဖြစ်ပါတယ်။**

| | |
|---|---|
| ၁၈၈၄ ခုနှစ် | စစ်တွေ |
| ၁၈၉၅ ခုနှစ် | စစ်တွေ |
| ၁၉၁၆ ခုနှစ် | စစ်တွေ |
| ၁၉၂၆ ခုနှစ် | စစ်တွေ |
| ၁၉၃၀ ခုနှစ် | ကျောက်ဖြူ |
| ၁၉၆၇ ခုနှစ် | ကျောက်ဖြူ |
| ၁၉၆၈ ခုနှစ် | စစ်တွေ |
| ၁၉၇၈ ခုနှစ် | ကျောက်ဖြူ |
| ၁၉၈၂ ခုနှစ် | ဂွ |
| ၂၀၀၈ ခုနှစ် | ဧရာဝတီတိုင်းဒေသကြီး၊ရန်ကုန်တိုင်းဒေသကြီး |
| ၂၀၂၃ ခုနှစ် | စစ်တွေ |

နှစ်တစ်ရာအတွင်းမှာ အင်အားကြီးမုန်တိုင်း ၁၁ ခု ဝင်ရောက်တိုက်ခတ်တဲ့လဟာ ဧပြီလ၊ မေလလို့ တွေ့ရှိရပါတယ်။ **ဧပြီလကုန် မေလဆန်းထဲမှာ မုန်တိုင်းကြီး၊ မုန်တိုင်းလတ်တွေ ဝင်ရောက်လေ့ရှိတယ်ဆိုတဲ့ တွေ့ရှိချက်ပဲဖြစ်ပါတယ်။**

**ဒုတိယတွေ့ရှိချက်က မိုးနှောင်း အောက်တိုဘာလ၊ နိုဝင်ဘာလတွေမှာလည်း မုန်တိုင်းကြီးတွေ ဝင်ရောက်တိုက်ခတ်ဖျက်ဆီးနိုင်သေးတယ်ဆိုတာ ဖြစ်ပါတယ်။**

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

| | |
|---|---|
| ၁၈၆၈ ခုနှစ် | စစ်တွေ |
| ၁၈၉၇ ခုနှစ် | စစ်တွေ |
| ၁၉၀၈ ခုနှစ် | စစ်တွေ |
| ၁၉၂၂ ခုနှစ် | စစ်တွေ |
| ၁၉၄၈ ခုနှစ် | စစ်တွေ |
| ၁၉၅၂ ခုနှစ် | စစ်တွေ |
| ၁၉၆၇ ခုနှစ် | စစ်တွေ |

နှစ်တစ်ရာအတွင်းမှာ အင်အားကြီးမုန်တိုင်း ခုနစ်ခုဝင်ရောက်တိုက်ခတ်ခဲ့တဲ့လဟာ အောက်တိုဘာလ၊ နိုဝင်ဘာလ၊ မိုးနှောင်းကာလ မြန်မာနိုင်ငံအောက်ပိုင်း၊ ရခိုင်ကမ်းရိုးတန်းတွေမှာ အောက်တိုဘာလကုန် နိုဝင်ဘာလဆန်းထဲမှာ မုန်တိုင်းကြီး၊ မုန်တိုင်းလတ်တွေ ဝင်ရောက်လေ့ရှိတယ်ဆိုတဲ့တွေ့ရှိချက်ပဲ ဖြစ်ပါတယ်။

ဘင်္ဂလားပင်လယ်အော်အတွင်း စတင်ဖြစ်ပေါ်လေ့ရှိတဲ့ မုန်တိုင်းကြီးတွေကြောင့် ၂၀ ရာစုမှာ ကမ္ဘာပေါ်မှာ လူအသေအပျောက်အများဆုံး၊ အိုးအိမ်စည်းစိမ် ကျွဲ၊ နွား တိရစ္ဆာန်အများဆုံး ပျက်စီးဆုံးရှုံးခဲ့တာကို လေ့လာမှတ်သားရပါတယ်။

**Deadliest Tropical Cyclones**

| Rank | Name/Year | Region | Fatalities |
|---|---|---|---|
| 1 | Bhola 1970 | Bangladesh | 500,000 |
| 2 | India 1839 | India | 300,000 |
| 3 | Nina 1975 | China | 229,000 |
| 4 | Bangladesh 1991 | Bangladesh | 138,866 |
| 5 | **Nargis 2008** | Myanmar | 138,373 |
| Sources: NOAA, MDR | | | |

မြန်မာ့ကမ်းရိုးတန်းကို ဝင်ရောက်တိုက်ခတ်ခဲ့တဲ့ မုန်တိုင်းကြီးတွေရဲ့ ၉၇ ရာခိုင်နှုန်းခန့်ဟာ ရခိုင်ကမ်းရိုးတန်းကို ကျရောက်ခဲ့တာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ဒီကာလတွေမှာ ဘင်္ဂလားဒေ့ရှ်နဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းဒေသရှိ ပြည်သူတွေ၊ ဧရာဝတီနဲ့ရန်ကုန်တိုင်း ဒေသကြီးတွေမှာနေကြတဲ့ ပြည်သူတွေ၊ တာဝန်ရှိလူကြီးတွေဟာ ရင်တမမနဲ့ စိုးရိမ်ပူပန်နေကြရပါတယ်။

၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့မှာ နာဂစ်မုန်တိုင်းဟာ ရခိုင်ပင်လယ်ကမ်းရိုးတန်းကိုမဝင်တော့ဘဲ လမ်းကြောင်းပြောင်းပြီး ဧရာဝတီနဲ့ရန်ကုန်တိုင်းဒေသကြီးဆီကိုဘာကြောင့်ဝင်ရောက်လာရသလဲဆိုတဲ့ မေးခွန်းကို ဖြေဆိုဖို့စိတ်ဝင်စားခဲ့ပါတယ်။ အဆင့်(၄) ဆိုင်ကလုန်းနာဂစ်ကြောင့် လူပေါင်းတစ်သိန်းကျော် သေဆုံးခဲ့ရတဲ့အပြင် လူမှုစီးပွားဘဝနဲ့ ပတ်ဝန်းကျင်ဂေဟစနစ်ပါ ပျက်စီးဆုံးရှုံးမှုတွေဟာ မြန်မာ့သဘာဝဘေးအန္တရာယ်သမိုင်းမှာ မှတ်တမ်းတင်ကျန်ခဲ့ပါတယ်။



ဒီဆောင်းပါးဟာ ဖတ်ကောင်းရုံသက်သက်မဟုတ်၊ လက်တွေ့ ဒီမုန်တိုင်းအန္တရာယ်က ဘယ်လိုကာကွယ်နိုင်မလဲဆိုတဲ့ဆီကို ဆက်သွားနိုင်ဖို့ ရည်ရွယ်ပါတယ်။ စုပေါင်းကာကွယ်နိုင်ဖို့ သုတေသနပြုပြီး စုပေါင်းအကောင်အထည်ဖော်ရမယ့် တာဝန်ကြီးဖြစ်ပါတယ်။ သိပ္ပံနည်းကျလေ့လာပြီး ကြိုတင်ကာကွယ်မှုတွေကို ဆောင်ရွက်ကြရပါမယ်။ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ တန်ဖိုးရှိတဲ့အချက်အလက်တွေကို ဆက်လက်ရှာဖွေကိုးကားသွားရမှာ ဖြစ်ပါတယ်။

**စာမျက်နှာ ၇ သို့ ❂**

> **❛ မြန်မာနိုင်ငံဟာ သဘာဝဘေးအန္တရာယ်တွေအနက် လေပြင်းမုန်တိုင်းဒဏ်နဲ့ ရေကြီးရေလျှံမိုးတဲ့အန္တရာယ်ကို မကြာခဏခံစားကြရပြီး လေပြင်းမုန်တိုင်းကိုတော့ ရခိုင်ပြည်နယ်က နှစ်စဉ်လိုပဲခံစားရတာကို တွေ့ရပါတယ်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းက စတင်ဖြစ်ပေါ်လာတဲ့ မုန်တိုင်းကြီးတွေဟာ မြောက်ဘက်ကိုရွေ့လျားပြီး အိန္ဒိယနိုင်ငံ အရှေ့ပိုင်းကမ်းခြေ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းနဲ့ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ကမ်းရိုးတန်းအတိုင်း ထွက်ပေါက်ရှာတိုက်ခတ်တဲ့သဘောရှိပါတယ်။ ပင်လယ်ကမ်းခြေတစ်ခုခုမှ ပြင်းထန်တဲ့အရှိန်အဟုန်နဲ့ လမ်းကြောင်းသင့်ရာ ဖြတ်ကျော်တိုက်ခတ်ပြီး ထွက်ပေါက်ရရှိတဲ့နေရာကနေ ကုန်းတွင်းကိုဝင်ရောက်တဲ့သဘောကို တွေ့ရှိ ❜**

# နေပြည်တော်အတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၊ နွေစပါး၊ နွေသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအစည်းအဝေးနှင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပ



နေပြည်တော် မေ ၂၂

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**စနစ်တကျလိုက်နာဆောင်ရွက်**

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားကြစေလိုကြောင်း၊ လမ်းညွှန်းလမ်းအမှတ်အသားများနှင့် အချက်ပြများကို ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျလိုက်နာဆောင်ရွက်ကြစေရေး ဌာနဆိုင်ရာများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်အတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေး လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေ၊ လမ်းညွှန်းလမ်းအမှတ်အသားများနှင့် အချက်ပြများ စိုက်ထူထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် နွေစပါး၊ နွေသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို တက်ရောက် အမှာစကားပြောကြားသည်။

ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက နေပြည်တော်အတွင်း နွေစပါး၊နွေသီးနှံထုတ်လုပ်မှုတိုးတက်မြင့်မားရေး ဆောင်ရွက်နေမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေ၊ စိုက်ပျိုးရေပေးဝေနေမှုအခြေအနေနှင့် တောင်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့် ပတ်သက်၍ လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ယင်းနောက် နေပြည်တော် MSME အေဂျင်စီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက နေပြည်တော်အတွင်း MSME လုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း၊ ဌာနဆိုင်ရာများက နေပြည်တော်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုက်ကြီးမြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပေးအပ်



တိုက်ကြီး မေ ၂၂

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် “လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့” ဆောင်ပုဒ်နှင့်အညီ ပန်းခင်းစီမံချက်(၃)ဖြင့် ပန်းပင်တန်းကျေးရွာအုပ်စု သဲဖြူကျေးရွာသို့ ယနေ့နံနက် ၉ နာရီက မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးသည်။

အဆိုပါပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ရာတွင် တိုက်ကြီးမြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးအောင်မင်းထွေးနှင့် ဝန်ထမ်းများက သဲဖြူကျေးရွာတွင် အသက် ၁၀ နှစ်ပြည့်ပြီးသူနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူ ၁၆၃ ဦးတို့အား ကွင်းဆင်းဆောင်ရွက်ပေးသည်။

တိုက်ကြီးခရိုင်အတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသော ပြည်သူများအား တိုက်ကြီးမြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်းနှင့် Biometric ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

❂ စာမျက်နှာ ၆ မှ

(က) လွန်ခဲ့သည့်နှစ်ပေါင်း ၁၂၂ နှစ် (၁၈၈၇–၂၀၀၉ ခုနှစ်)အတွင်း ဘင်္ဂလားပင်လယ်အော်အခြေပြု မုန်တိုင်း ၃၂ ကြိမ်မှာ ဧပြီလတွင် ဖြစ်ပေါ်ခဲ့ကြောင်း၊ ၁၅ ကြိမ်မှာ မြန်မာ့ကမ်းရိုးတန်းသို့ ဝင်ရောက်ခဲ့ကြောင်း၊ ရာခိုင်နှုန်းအားဖြင့် ၄၆ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း၊

(ခ) မေလတွင် မုန်တိုင်း ၉၂ ကြိမ် ဖြစ်ပေါ်ခဲ့ပြီး ၂၇ ကြိမ်မှာ မြန်မာ့ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်ခဲ့ကြောင်း၊ ရာခိုင်နှုန်းအားဖြင့် ၂၉ ဒသမ ၃၄ ရာခိုင်နှုန်းရှိကြောင်း၊ ဒီအချက်အလက်များအပေါ်အခြေခံပြီး အောက်ပါအတိုင်း ကောက်နုတ်ဆွေးနွေးသွားပါမယ် –

ဆွေးနွေးချက်မှာ ဧပြီလ၊ မေလဟု သီးသန့်မခွဲခြားတော့ဘဲ မိုးဦးကာလတွင် ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းစတင်ဖြစ်ပေါ်လေ့ရှိရာ နှစ်ပေါင်း ၁၂၂ နှစ်အတွင်း မုန်တိုင်းပေါင်း ၁၂၄ ကြိမ် ရှိခဲ့ပါတယ်။ နှစ်စဉ် မုန်တိုင်းဖြစ်တဲ့သဘောတွေ့ရပါတယ်။ အဲဒီအနက် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် ရခိုင်ကမ်းရိုးတန်းနဲ့ မြန်မာနိုင်ငံအတွင်း ကမ်းရိုးတန်း ဖြတ်ကျော်ဝင်ရောက်တိုက်ခတ်ခဲ့တဲ့ မုန်တိုင်းပေါင်း ၅၉ ကြိမ်။ ဒါကြောင့် မုန်တိုင်းဖြစ်တိုင်းဖြစ်တိုင်း ရခိုင်ကမ်းရိုးတန်းနဲ့ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ခဲ့တဲ့ အခြေအနေဟာ ၄၈ ရာခိုင်နှုန်းခန့် ရှိတယ်လို့အဓိပ္ပာယ်ပေါ်ပါတယ်။ ဒီလိုဖြစ်နိုင်ခြေရှိတယ်ဆိုတာ မှန်လေ့ ရှိတယ်လို့ ပြောတာဖြစ်ပါတယ်။ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းကြီးလတ်ပေါ်လာပြီဆိုရင် ဒီသချာ်သဘောအရ မြန်မာ့ကမ်းရိုးတန်း၊ မြန်မာနိုင်ငံဘက်ဝင်ဖို့ရာ ၄၈ – ၅၀ ရာခိုင်နှုန်း သေချာတယ်လို့ပြောရပါမယ်။ ဒီလိုဆိုရင် ကျန်တဲ့ ၅၀ ရာခိုင်နှုန်းက အိန္ဒိယနိုင်ငံ အရှေ့ဘက်ကမ်းခြေနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်း ဝင်မယ်ဆိုတဲ့ အဓိပ္ပာယ် ဖြစ်ပါတယ်။

> ❝ ဆွေးနွေးချက်မှာ ဧပြီလ၊ မေလဟု သီးသန့်မခွဲခြားတော့ဘဲ မိုးဦးကာလတွင် ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းစတင်ဖြစ်ပေါ်လေ့ရှိရာ နှစ်ပေါင်း ၁၂၂ နှစ်အတွင်း မုန်တိုင်းပေါင်း ၁၂၄ ကြိမ်ရှိခဲ့ပါတယ်။ နှစ်စဉ် မုန်တိုင်းဖြစ်တဲ့သဘောတွေ့ရပါတယ်။ အဲဒီအနက် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် ရခိုင်ကမ်းရိုးတန်းနဲ့ မြန်မာနိုင်ငံအတွင်း ကမ်းရိုးတန်းဖြတ်ကျော်ဝင်ရောက်တိုက်ခတ်ခဲ့တဲ့ မုန်တိုင်းပေါင်း ၅၉ ကြိမ်။ ဒါကြောင့် မုန်တိုင်းဖြစ်တိုင်းဖြစ်တိုင်း ရခိုင်ကမ်းရိုးတန်းနဲ့ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ခဲ့တဲ့အခြေအနေဟာ ၄၈ ရာခိုင်နှုန်းခန့် ရှိတယ်လို့ အဓိပ္ပာယ်ပေါ်ပါတယ်။ ❞




အထောက်အထားမှတ်တမ်းတွေ အများအပြားအနက် ၁၉၇၀ ပြည့်နှစ် နိုဝင်ဘာ ၁၂ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံကို အကြီးအကျယ် ဒုက္ခပေးခဲ့တဲ့ ဘိုလာဆိုင်ကလုန်းမုန်တိုင်းနဲ့ ၂၀၀၈ ခုနှစ် မေလ ၂၊ ၃ ရက်နေ့က ဧရာဝတီတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးတွေကို အကြီးအကျယ် ဒုက္ခပေးခဲ့တဲ့ အဆင့်(၄)ဆိုင်ကလုန်းနာဂစ်၊ ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့မှာ အလွန်အားပြင်းတဲ့ မိုခါမုန်တိုင်းတို့ဟာ အထင်ကရအထောက်အထားများပဲ ဖြစ်ပါတယ်။

၁၉၇၀ ပြည့်နှစ် နိုဝင်ဘာလ ၁၂ ရက်နေ့က ဘင်္ဂလားဒေ့ရှ်ကို ဝင်ရောက်မွှေပြီး လူပေါင်းသိန်းချီ သေဆုံးခဲ့ပါတယ်။ အသက်အိုးအိမ်စည်းစိမ်တွေ ကြီးမားစွာဆုံးရှုံးခဲ့သော်လည်း လူတိုင်းဟာ ကိုယ်နှင့်မဆိုင်သလို တွေးမိခဲ့ကြပါတယ်။ ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလထဲမှာ ကျွန်တော်တို့ ဆရာ၊ ကျောင်းသားတွေနဲ့ လူကြီးတွေဟာ ရန်ကုန်တက္ကသိုလ် ရွှေရတုသဘင်ကို မိုးတဖွဲဖွဲအောက်မှာ ချမ်းစိမ့်ပြီး ကျင်းပခဲ့တာကို သတိထားမိပါတယ်။ ပြန်တွေးကြည့်မိတော့ ဘိုလာဆိုင်ကလုန်းမုန်တိုင်းဟာ ဘယ်လောက်ပြင်းသလဲဆိုရင် ရန်ကုန်တိုင်းဒေသကြီးကို အဖျားခတ်တဲ့ပုံရှိပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

■

# ၂၀၂၄ ခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား ကျောင်းသူ လူငယ်များအတွက် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများ စတင်ဖွင့်လှစ်

**နေပြည်တော် မေ ၂၂**

ကျောင်းသားကျောင်းသူမျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များကို အကျိုးရှိစွာအသုံးချနိုင်စေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ် အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၄)နှင့် ရေကြောင်းလူငယ် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၄) ဖွင့်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာမြို့နယ်အသီးသီး၌ တစ်ချိန်တည်း စတင်ဖွင့်လှစ်ကြသည်။

**ဖွင့်လှစ်**

ပင်လယ်ရေကြောင်းပညာများကို စိတ်ပါဝင်စားပြီး နိုင်ငံတော်အတွက် စိတ်ဓာတ်စည်းကမ်း ကောင်းမွန်၍ ကျန်းမာကြံ့ခိုင်သည့် ထူးချွန်ထက်မြက်သော လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရန်၊ ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးတွင် ရေကြောင်းပို့ဆောင်ရေးကဏ္ဍ အရေးပါကြောင်း လူငယ်များသိရှိနားလည်စေရန်၊ လှေလှော်အားကစားနည်း၊ ရွက်တိုက်အားကစားနည်းများအတွက် ထူးချွန်သည့် အားကစားသမားများ မွေးထုတ်ပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် တပ်မတော်(ရေ)က ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များအတွက် ရေကြောင်း လူငယ်အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၄)နှင့် ရေကြောင်း လူငယ်တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၄)တို့ကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ ယနေ့နံနက်ပိုင်းတွင် တစ်ချိန်တည်းဖွင့်လှစ်ခဲ့ရာ နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဟိုင်းကြီးကျွန်းမြို့၊ မွန်ပြည်နယ်တွင် မော်လမြိုင်မြို့၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဟိန်းဇဲဒေသ၊ မြိတ်မြို့နှင့် ကျွန်းစုမြို့၊ မန္တလေးတိုင်းဒေသကြီးတွင် မန္တလေးမြို့နှင့် ရှမ်းပြည်နယ်တွင် ကျိုင်းတုံမြို့တို့ရှိ ရေကြောင်းလူငယ်စခန်းများ၌ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၈၁၈ ဦးတို့ဖြင့် ဖွင့်လှစ်ကြပြီး အဆိုပါသင်တန်းဖွင့်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ရေတပ်စခန်းဌာနချုပ်မှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ဖွင့်လှစ်ပေးကြသည်။

သက်ဆိုင်ရာ မြို့နယ်အသီးသီး၌ ရေကြောင်းလူငယ်သင်တန်းများ ဖွင့်လှစ်ပြီး ရန်ကုန်မြို့ အင်းယားရေကြောင်းလူငယ်စခန်းမှ သင်တန်းသားသင်တန်းသူများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် လက်တွေ့လိုက်ပါစီးနင်းပြီး ရန်ကုန်မြစ်တွင်းလေ့လာခြင်း၊ ရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ သွားရောက်လေ့လာခြင်းနှင့် ရေတပ် Documentary ပြသခြင်းကိုလည်းကောင်း၊ အခြားမြို့နယ်အသီးသီးတွင် ဖွင့်လှစ်ခဲ့သော ရေကြောင်းလူငယ်စခန်းများမှ သင်တန်းသား သင်တန်းသူများအား ဒေသန္တရဗဟုသုတဆိုင်ရာ လေ့လာရေးခရီးစဉ်များ ပို့ဆောင်ပေးခြင်းဖြင့် လည်းကောင်း စီစဉ်ဆောင်ရွက်ပေးခဲ့ကြသည်။

ရေကြောင်းလူငယ် အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းများတွင် အခြေခံစစ်ရေးပြနှင့် အခြေခံရေတပ်သားဘာသာရပ်၊ ရေကြောင်းလမ်းညွှန် အခြေခံသဘောတရားများ၊ အသုံးချရေကြောင်းလမ်းညွှန်နှင့် နက္ခတ္တဗေဒဆိုင်ရာများ၊ ဂျီပီအက်စ်အပါအဝင် ရေကြောင်းသွားလာရေးဆိုင်ရာများ၊ အခြေခံရေတပ်သား အချက်ပြ ဆက်သွယ်ရေးဆိုင်ရာ၊ အခြေခံရေကူးနှင့် လှေလှော်ရွက်တိုက်နည်းတို့ကို သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းစခန်း ၁၀ ခုမှ သင်တန်းသား သင်တန်းသူများအား သင်တန်းနောက်ဆုံးပတ်၌ ရန်ကုန်မြို့တွင်စုစည်း၍ စခန်းပေါင်းစုံတွေ့ဆုံပွဲ၊ ဘာသာရပ်ဆိုင်ရာ စွမ်းရည်ပြိုင်ပွဲများလည်း ပြုလုပ်သွားမည်ဖြစ်သည်။

ထို့ပြင် လေ့လာရေးခရီးစဉ်များအဖြစ် နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်မြို့တို့ရှိ အထင်ကရနေရာများ၊ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာလေ့လာရေးနှင့် စစ်ရေယာဉ်များဖြင့် ပင်လယ်ဝသို့ ရေလမ်းကြောင်း လေ့လာရေးခရီးစဉ်ပို့ဆောင်ခြင်းများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သင်တန်းစခန်း ၁၇ ခု၌ ကျင်းပ**

အလားတူ လေကြောင်းပညာသမိုင်းကို လေ့လာခြင်းဖြင့် လေကြောင်းနှင့် အာကာသသိပ္ပံပညာရပ်များတွင် စိတ်ဝင်စားမှုတိုးပွားလာစေရန်၊ လေယာဉ်ပျံသန်းမှုနှင့် သက်ဆိုင်သော ပညာရပ်များကို တတ်သိနားလည်ခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်လာစေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် ကိုယ်လက်ကြံ့ခိုင်မှု ကောင်းမွန်မြင့်မားပြီး စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်မှု အလေ့အကျင့်ရရှိစေရန်၊ လူငယ်များ၏ ဝါသနာအား ပြုစုပျိုးထောင်မြှင့်တင်ပေးရန် မျိုးဆက်သစ်လူငယ်မောင်မယ်များ ယုံကြည်ချက်၊ ခံယူချက်မြင့်မားစေပြီး အနာဂတ်တပ်မတော်နှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ကြီးမှူးဖွင့်လှစ်သည့်အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၄)နှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သင်တန်းစခန်းအပါအဝင် သင်တန်းစခန်း ၁၇ ခု၌ ကျင်းပသည်။

နေပြည်တော် သင်တန်းစခန်း သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေမှ တာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၉ သို့ »»»**



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။



သင်တန်းသား သင်တန်းသူများက ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများအား ကြည့်ရှုလေ့လာစဉ်။



»» စာမျက်နှာ ၈ မှ

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့သည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)က ကြီးမှူးဖွင့်လှစ်သည့် အခြေခံ လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၄)နှင့် တန်းမြင့် လေကြောင်း လူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၄)တို့၏ သင်တန်းစတင်ဖွင့်လှစ်သည့်နေ့ဖြစ်ကြောင်း၊ လေကြောင်းလူငယ်သင်တန်းများကို ၁၉၅၄ ခုနှစ်ကတည်းက စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့် သင်တန်းကို လေကြောင်းကင်းထောက်သင်တန်း၊ လူငယ်(လေကြောင်း)သင်တန်း၊ လေကြောင်းမျိုးဆက်သစ် သင်တန်း၊ လေကြောင်းရဲညွှန့်လောင်း သင်တန်း၊ လေကြောင်းလူငယ် သင်တန်းဟု အဆင့်ဆင့်အမည်ပြောင်းလဲ ဖွင့်လှစ်ခဲ့ပြီး ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်အထိ အခြေခံအဆင့် သင်တန်းသား ၆၉၂၄ ဦးနှင့် တန်းမြင့် သင်တန်းသား ၅၃၁ ဦး စုစုပေါင်းသင်တန်းသား ၇၄၅၅ ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ အနာဂတ် ကြယ်ပွင့်များဖြစ်သည့် မျိုးဆက်သစ်မောင်မယ်များကို ယခုလို နွေရာသီကျောင်းပိတ်ရက်တွင် တန်ဖိုးရှိလှသည့် လေကြောင်းဆိုင်ရာပညာရပ်တွေကို လက်ဆင့်ကမ်းပေးနိုင်မည်ဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြား၍ သင်တန်းကို ဖွင့်လှစ်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

## လှည့်လည်ကြည့်ရှု

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် တာဝန်ရှိသူများက သင်တန်းသားများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ သင်ထောက်ကူပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နှင့် မိတ္ထီလာမြို့၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နှင့် နမ့်စန်မြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ မကွေးတိုင်းဒေသကြီး မကွေးမြို့၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့၊ မင်္ဂလာဒုံမြို့နှင့် ကိုကိုးကျွန်းမြို့၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ပြည်မြို့၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် မွန်ပြည်နယ် မော်လမြိုင်မြို့တို့ရှိ သင်တန်းစခန်းများတွင်လည်း သင်တန်းဖွင့်ပွဲ အခမ်းအနားများကို တစ်ပြိုင်နက်ကျင်းပခဲ့ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ လေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ လေတပ်စခန်းဌာနချုပ်မှူးများနှင့် တာဝန်ရှိသူများက တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြသည်။



## လေ့လာသင်ယူ

သင်တန်းသား သင်တန်းသူများက ရေကြောင်းနှင့် လေကြောင်းဆိုင်ရာ ပညာရပ်များကို လေ့လာသင်ယူနေကြစဉ်။

ယခုဖွင့်လှစ်သည့်အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၄) ကို နေပြည်တော်သင်တန်းစခန်း အပါအဝင် သင်တန်းစခန်း ၁၅ ခုတွင် သင်တန်းသား ၇၅၀ ဖြင့် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းတွင် လေကြောင်းပညာသမိုင်း၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရား၊ RC လေယာဉ်/ ရဟတ်ယာဉ် မောင်းနှင်ခြင်း၊ RC Simulator မောင်းနှင်ခြင်း၊ အခြေခံစစ်ရေးပြ (လက်နက်မဲ့)၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်သမိုင်းကြောင်း စသည့် ဘာသာရပ်များကို ပို့ချသွားမည်ဖြစ်သည်။ တန်းမြင့် လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၄)ကို သင်တန်းစခန်း နှစ်ခုတွင် သင်တန်းသား ၁၀၀ ဖြင့် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများ၊ Airfield Procedure ဘာသာရပ်၊ RC လေယာဉ်/ ရဟတ်ယာဉ် မောင်းနှင်ခြင်း၊ Flight Simulator မောင်းနှင်ခြင်း၊ အခြေခံစစ်ရေးပြ(လက်နက်ပါ)၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်သမိုင်းကြောင်း စသည့်ဘာသာရပ်များကို ပို့ချသွားမည်ဖြစ်သည်။

## သင်ကြားပို့ချပေးသွားမည်

ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်းကို မေ ၁၇ ရက်အထိ လည်းကောင်း၊ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းတို့ကို မေ ၂၄ ရက်အထိ လည်းကောင်း သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



မြစ်ကြီးနားမြို့နယ်၌ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။



# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၄ ခုနှစ် လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံ

**ပုသိမ် မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲကို ယနေ့ ညနေပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများနှင့် လူရည်ချွန်မောင်မယ်များ တက်ရောက်ခဲ့ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လူရည်ချွန်ကျောင်းသား ကျောင်းသူများအနေဖြင့် အနယ်နယ်အရပ်ရပ်ရှိ လူရည်ချွန်များစခန်းများသို့ရောက်ရှိကြသည့်အခါ မိမိတို့တိုင်းဒေသကြီး၏ ဒေသဆိုင်ရာအချက်အလက်များအားသိရှိပြီး ဒေသန္တရဗဟုသုတများ နှီးနှောဖလှယ်ဆွေးနွေးကြစေလိုကြောင်း၊ လူရည်ချွန်ကျောင်းသား ကျောင်းသူများအနေဖြင့် အနာဂတ်ခေါင်းဆောင်များအဖြစ် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည်ဖြစ်ပြီး ဘက်ပေါင်းစုံမှ ထူးချွန်ပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူရည်ချွန်မောင်မယ်များဖြစ်စေရေး ကြိုးပမ်းကြစေလိုကြောင်း ဂုဏ်ပြုနှုတ်ခွန်းဆက်စကားများပြောကြားပြီး လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်ဆရာ ဆရာမများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ လူရည်ချွန်မောင်မယ်များကိုယ်စား လူရည်ချွန်မောင်မယ်နှစ်ဦးက လက်ခံရယူခဲ့သည်။

ထို့နောက် ပုသိမ်မြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း Grade-11မှ နှစ်ထပ်ကွမ်း လူရည်ချွန် မအိအိတုံက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်အား မြန်အောင်ခရိုင်ပညာရေးမှူးက Grade-9၊ Grade-10၊ Grade-11၊ Grade-12 တို့မှ လူရည်ချွန်မောင်မယ်များနှင့် တစ်ဦးချင်းမိတ်ဆက်ပေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# ကရင်ပြည်နယ်ဝန်ကြီးချုပ် လူရည်ချွန်ကျောင်းသား ကျောင်းသူများ၊ ကြီးကြပ်ဆရာ ဆရာမများနှင့်တွေ့ဆုံ

**ဘားအံ မေ ၂၂**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၂၂ ရက် မွန်းလွဲ ၂ နာရီက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန် ကျောင်းသား ကျောင်းသူများ၊ ကြီးကြပ်ဆရာ ဆရာမများအား ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် ပြည်နယ်ပညာရေးမှူးရုံးညွှန်ကြားရေးမှူး ဦးစသိန်းကျော်က လူရည်ချွန်လုပ်ငန်းစဉ် အပန်းဖြေခရီးစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ်က လူရည်ချွန်ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်ဆရာ ဆရာမများအတွက် ငွေကျပ် ၂၂၈၀၀၀ နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက လူရည်ချွန်ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်ဆရာ ဆရာမများအတွက် တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီတို့ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လူရည်ချွန်ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားများပြောကြားပြီး ကရင်ပြည်နယ်မှနေ၍ Grade-9 တွင် ကျောင်းသား ကျောင်းသူနှစ်ဦး၊ ကြီးကြပ်ဆရာတစ်ဦးဖြင့် ပုဂံလူရည်ချွန်စခန်း၊ Grade-10 တွင် ကျောင်းသား ကျောင်းသူနှစ်ဦး ကြီးကြပ်ဆရာမတစ်ဦးဖြင့် တောင်ကြီးလူရည်ချွန်စခန်း၊ Grade-11 တွင် ကျောင်းသား ကျောင်းသူနှစ်ဦး၊ ကြီးကြပ်ဆရာမတစ်ဦးဖြင့် ငွေဆောင်လူရည်ချွန်စခန်း၊ Grade-12 တွင် ကျောင်းသား ကျောင်းသူနှစ်ဦး၊ ကြီးကြပ်ဆရာမတစ်ဦးဖြင့် ချောင်းသာလူရည်ချွန်စခန်းများသို့ နေပြည်တော်စုရပ်မှတစ်ဆင့် ပို့ဆောင်ပြီး ဒေသန္တရဗဟုသုတ လေ့လာစရာများကို လေ့လာမှတ်သား အပန်းဖြေကြရမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ရေကြောင်းလူငယ် အခြေခံ/တန်းမြင့်သင်တန်းနှင့် အခြေခံလေကြောင်းလူငယ်သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

**မန္တလေး မေ ၂၂**


ရေကြောင်းလူငယ် အခြေခံ/တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၄)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၄) သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ ယနေ့နံနက်ပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်မှူး၊ တပ်နယ်မှ ဦးစီးအရာရှိကြီးများ၊ တပ်နယ်တပ်ရင်း/ တပ်ဖွဲ့မှူးများနှင့် ၎င်းတို့၏ဇနီးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများနှင့် ၎င်းတို့၏မိဘများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းအဖွင့်အမှာစကား ပြောကြားရာတွင် ရေကြောင်းကဏ္ဍနှင့် လေကြောင်းကဏ္ဍများသည် နိုင်ငံတစ်နိုင်ငံ၏ ကာကွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ စီးပွားရေးတို့တွင် အထူးအရေးပါကြောင်း၊ သင်တန်းအား ဘာသာရပ်များကို စာတွေ့လက်တွေ့ကျွမ်းကျင်တတ်မြောက်စေရေး၊ စိတ်ဓာတ်၊ စည်းကမ်း၊ ကျန်းမာကြံ့ခိုင်ပြီး စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေပြီး ရေကြောင်းနှင့် လေကြောင်း ပညာသမိုင်းများကို လေ့လာခြင်းဖြင့် စိတ်ပါဝင်စားမှု ပိုမိုတိုးပွားလာစေရေးနှင့် အနာဂတ်မျိုးဆက်သစ်များ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း၊ ကျောင်းပိတ်ရက်အတွင်း အချိန်ကိုတန်ဖိုးရှိစွာ အသုံးချပြီး အတတ်ပညာတစ်ခုကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်သည့် ပညာရှင်များဖြစ်အောင်၊ တိုးတက်နေသည့်နည်းပညာရပ်များကို မျက်ခြည်မပြတ်ဆည်းပူးလေ့လာရင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်ရေးအတွက် နိုင်ငံတော်က အားထားရသည့် မျိုးဆက်သစ်လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာအောင် ကြိုးစားအားထုတ်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မန္တလေးတပ်နယ်မှူးတို့က သင်တန်းသား သင်တန်းသူများအတွက် ထောက်ပံ့ငွေများပေးအပ်ပြီး ရင်းနှီးနွေးထွေးစွာ လိုက်လံနှုတ်ဆက်ကာ သင်တန်းဆိုင်ရာ ပညာရပ်များနှင့် ပတ်သက်သည့် သင်ထောက်ကူပြုပစ္စည်းများအား လိုက်လံကြည့်ရှုကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးတွင် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်ပွဲ ကျင်းပ



**ပုသိမ် မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ရေးစွမ်းရည်မြင့်မားစေရန်နှင့် Brave Heart Team ဖွဲ့စည်းနိုင်ရန် ရည်ရွယ်၍ ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှူးရုံးတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးအောင်ဆွေဝင်းက တိုင်းဒေသကြီးအတွင်း ဖြစ်ပွားလာမည့် ဘေးအန္တရာယ်များကို စွမ်းစွမ်းတမံ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန်၊ သင်တန်းမှလေ့ကျင့်သင်ကြားပေးမည့် သင်ခန်းစာများကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးစားလေ့လာသင်ယူကြရန်၊ သင်တန်းကို Brave Heart Team ဖွဲ့စည်းနိုင်ရန် အဓိကရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သဖြင့် ရဲရင့်တည်ကြည်ပြီး လျင်မြန်ဖျတ်လတ်မှုရှိအောင် ကြိုးပမ်းအားထုတ်ကြရန်လိုအပ်ကြောင်း၊ မီးသတ်စခန်းတိုင်းတွင် မြန်(၃)မြန်၊ သင့်(၄)သင့် အမြဲရှိစေရေး ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုဦးနှင့် သင်တန်းမှူးများဖြစ်ကြသည့် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်မျိုး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူရတို့က သင်တန်းစည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ချက်များအား ချပြရှင်းလင်းခဲ့ပြီး သင်တန်းကို မေ ၂၂ ရက်မှ မေ ၁၇ ရက်အထိ ရက်သတ္တလေးပတ်ကြာ သင်တန်းသား ၅၀ ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နွေဥတုနှင့်ကျန်းမာရေး တိုင်းရင်းဆေးဖြင့် စောင့်ရှောက်ပေး

ဒေါက်တာစုစုဒွေး၊ ဆွေဆွေ၊ ရီရီစန်း၊ နေနေနိုင်ရည် (တိုင်းရင်းဆေးပညာဦးစီးဌာန)

တိုင်းရင်းဆေးပညာ အမြင်အရ နွေဥတု၏ သဘောသဘာဝများ၊ နွေဥတုတွင် အပြင်လောကဓာတ်နှင့် ကျန်းမာသည့်သူများ၏ ပကတိပုံမှန်လက္ခဏာများ၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရ သမုဋ္ဌာန်အလိုအရ ပြုမူနေထိုင်စားသောက်ရမည့် အခြေအနေများနှင့် နွေဥတုတွင် ဖြစ်တတ်သော ရောဂါအချို့ကို တိုင်းရင်းဆေးဖြင့် ကာကွယ်စောင့်ရှောက်ခြင်းနှင့် ဆောင်ရန်၊ ရှောင်ရန်များကို သိရှိနိုင်စေရန် ကျန်းမာရေးဗဟုသုတ မျှဝေခြင်းအလို့ငှာ ရေးသားလိုက်ရပါသည်။

တိုင်းရင်းဆေးပညာအလိုအရ ဥတုကြီးသုံးပါးကို ပိုင်းခြားသတ်မှတ်ရာတွင် တပေါင်းလပြည့်ကျော် ၁ ရက်နေ့မှ ဝါဆိုလပြည့်နေ့ ညဉ့်သန်းခေါင်ချိန်ထိ ဂိမ္ဟန္တဥတု(နွေဥတု)၊ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ ညဉ့်သန်းခေါင်ချိန်ထိ ဝဿန္တဥတု(မိုးဥတု)၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့ မှ တပေါင်းလပြည့်နေ့ ညဉ့်သန်းခေါင်ချိန်ထိ ဟေမန္တဥတု (ဆောင်းဥတု)ဟူ၍ ရက်ပေါင်း ၁၁၈ ရက်စီ၊ လအားဖြင့် လေးလစီ ပိုင်းခြားထားပါသည်။ ဥတုသုံးပါး၌ လိုက်နာရန်နှင့် ရှောင်ကြဉ်ရန် အချက်များကို ကျင့်သုံးခြင်းဖြင့် ကျန်းမာခြင်းသုခကို ရရှိစေနိုင်သည်။

## နွေဥတုတွင် တွေ့ရှိရမည့် ပကတိလက္ခဏာများ

နွေဥတုတွင် အပြင်လောကဓာတ် ဩကာသနှင့် ကျန်းမာနေသော သူတို့၏ အတွင်းသန္တာန်၌ရှိသော ပကတိလက္ခဏာများမှာ အပူရှိန်များ လွှမ်းမိုးလျက်ရှိခြင်း၊ ရေဓာတ်များ လျော့နည်းခန်းခြောက်ခြင်း၊ သစ်ပင်တောတောင်တို့ ခြောက်သွေ့ခြင်း၊ လူသားတို့ အပူကို ကြောက်ရွံ့ခြင်း၊ အအေးကို လိုလားတောင့်တခြင်း၊ အအိပ်အစားကို လိုလားတောင့်တခြင်း၊ ကိုယ်စိတ်ပင်ပန်းနွမ်းနယ်ခြင်းတို့အပြင် တေဇောဓာတ်တစ်နည်းအားဖြင့် သည်းခြေဒေါသ အဓိက ထကြွချိန်ဖြစ်၍ အဆိုပါမီးဓာတ်ကို ငြိမ်းစေတတ်သော ဓာတ်စာဖြစ်သည့် အချိုအရသာကို သွေးသားမှ လိုလားတောင့်တခြင်းဖြစ်ပါသည်။ ဖော်ပြပါလက္ခဏာများမှ ဆန့်ကျင်သည့် လက္ခဏာများကို တွေ့ရှိရပါက ကျန်းမာမှု ပျက်ပြားနိုင်သဖြင့် ကြိုတင်သတိပြုရမည်ဖြစ်ပါသည်။

## နွေဥတုနှင့် ဓာတ်သဘောတရား

တိုင်းရင်းဆေးပညာအရ နွေဥတုတွင် ပြင်ပဗဟိဒ္ဓသည် ပူပြင်းသောကြောင့် လူ၏ ခန္ဓာကိုယ်အတွင်း အဇ္ဈတ္တမှာ ပူနေသည်ဟု ဆိုပါသည်။ ပြင်ပရာသီဥတု အပူရှိန်ကြောင့် ခန္ဓာကိုယ်အတွင်း အဇ္ဈတ္တမှ အပူများကလည်း အပြင် မိဿကဓာတ်သဘော၏ ခေါ်ဆောင်ရာသို့ ထကြွနိုးကြား တိုးဝှေ့ပြီး အပြင်သို့ထွက်ရှိရန် လှုပ်ရှားနေကြသည်။ ထိုအချိန်များတွင် ခန္ဓာကိုယ်မှ ကောဋ္ဌာသများ အာကာသဓာတ် (အပွင့်ဓာတ်) ရရန် လိုအပ်ပါသည်။ သို့မဟုတ်ဘဲ အပူအခိုးအငွေ့ အဆိပ်တို့သည် ချွေးအဖြစ် ပြင်ပသို့ထွက်မရပါက ကိုယ်တွင်း၊ ဝမ်းတွင်း၊ အူတွင်းတို့တွင် ပိတ်လှောင်အကျဉ်းကျပြီး အတင်းတိုးဝှေ့ထွက်ပေါက်ရှာသောအခါ ဦးနှောက်သွေးကြောပေါက်ခြင်း၊ ပြတ်ခြင်းများ ဖြစ်ပေါ်လာတတ်သည်။ အတွင်းကောဋ္ဌာသများဖြစ်သော နှလုံး၊ အဆုတ်၊ အသည်း၊ ကျောက်ကပ် စသောအပိုင်းများတွင် အပူအခိုးအငွေ့များ စူးဝင်ခိုအောင်း လောင်မြိုက်ခံရ၍ ၎င်းအပူအခိုးအငွေ့များ ငုပ်ဝင်နေသော အစိတ်အပိုင်းများတွင် အနာရောဂါများ ကျရောက်တတ်ပါသည်။ အပူအခိုးအငွေ့ အဆိပ်တို့သည် ဦးခေါင်းနှင့် ဦးနှောက်ထဲရောက်ရှိပါက ခေါင်းအုံခြင်း၊ ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ ခေါင်းမကြည်မလင်ဖြစ်ခြင်းများ ဖြစ်တတ်ပြီး မျက်လုံးနှင့် နားထင်ကြောများ ရောင်ရမ်းနာကျင်ကိုက်ခဲစေတတ်ပါသည်။ နှလုံးတုန်ခြင်း၊ ရင်ခုန်မောပန်းခြင်း၊ ဆီးနှင့် ဆီးလမ်းကြောင်းဆိုင်ရာ ရောဂါများလည်း ဖြစ်တတ်ပါသည်။

## နွေဥတုတွင် ဖြစ်တတ်သော ရောဂါလက္ခဏာများနှင့် ကာကွယ်စောင့်ရှောက်ခြင်း

နွေဥတုတွင် အဖြစ်များတတ်သော ရောဂါအချို့ကို ဖော်ပြရလျှင် ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲခြင်း၊ မျက်စိကျိန်း၊ မျက်စိနာခြင်း၊ နှာခေါင်းသွေးလျှံခြင်း၊ ဆီးချုပ်၊ ဆီးပူ၊ ဆီးအောင့်ခြင်းနှင့် အပူဝင်၊ အပူငုပ်၊ အပူလျှပ်ခြင်းတို့ အများဆုံးဖြစ်တတ်ပါသည်။




ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲရောဂါကို ဖြစ်စေသောအကြောင်းများမှာ နေပူ၊ မီးပူတို့ကို လွန်စွာခံခြင်း၊ အချိန်အခါမဲ့ ရေချိုးခြင်း၊ ပန်ကာလေ၊ ယပ်ခတ်လေတို့ကို လွန်စွာခံခြင်း၊ အပူအစပ်များကို အလွန်စားသုံးခြင်းနှင့် ဆီး၊ ဝမ်း၊ သွေး၊ လေတို့ချုပ်ခြင်း စသောအကြောင်းများကြောင့် ဖြစ်စေပါသည်။ ထို့ကြောင့် ကိုယ်ခန္ဓာတွင် အပူရှိန်များတိုးလာခြင်း၊ သွေးတိုးခြင်း၊ သွေးခုန်နှုန်းမြန်ခြင်း၊ ချွေးငုပ်ခြင်း၊ ဝမ်းချုပ်ခြင်း၊ ဆီးနီခြင်း၊ ဝါခြင်း၊ ဆီးနည်းခြင်းနှင့် ကိုယ်လက်အင်္ဂါများ ကိုက်ခဲခြင်း၊ ဇက်ကြောတက်ခြင်း၊ ခေါင်းကိုက်၊ ဇက်လေး၊ ခေါင်းအုံခြင်း စသောလက္ခဏာများကို တွေ့ရှိရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ မဖြစ်ရလေအောင် နေပူ၊ မီးပူတို့ကို လွန်စွာခံခြင်းမှ ရှောင်ကြဉ်ခြင်း၊ အချိန်မှန်ရေချိုးခြင်း၊ ပန်ကာလေ၊ ယပ်ခတ်လေ၊ လေအေးခံခြင်း စသည်တို့ကိုလည်း ကြာရှည်မခံမိရန် လိုအပ်ပါသည်။ အပူအစပ်များ လွန်စွာစားသုံးခြင်းမှလည်း ရှောင်ကြဉ်ရပါမည်။ အလုပ်ကို ပုံမှန်လုပ်ကိုင်ခြင်းနှင့် ဆီး၊ ဝမ်း၊ သွေး၊ လေတို့ကို မှန်ကန်စွာ ပြုပြင်ပေးခြင်း စသည်ဖြင့် ပြုမူကျင့်သုံးနေထိုင်သွားရပါမည်။

> ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲရောဂါကို ဖြစ်စေသောအကြောင်းများမှာ နေပူ၊ မီးပူတို့ကို လွန်စွာခံခြင်း၊ အချိန်အခါမဲ့ ရေချိုးခြင်း၊ ပန်ကာလေ၊ ယပ်ခတ်လေတို့ကို လွန်စွာခံခြင်း၊ အပူအစပ်များကို အလွန်စားသုံးခြင်းနှင့် ဆီး၊ ဝမ်း၊ သွေး၊ လေတို့ချုပ်ခြင်း စသောအကြောင်းများကြောင့် ဖြစ်စေပါသည်။ ထို့ကြောင့် ကိုယ်ခန္ဓာတွင် အပူရှိန်များတိုးလာခြင်း၊ သွေးတိုးခြင်း၊ သွေးခုန်နှုန်းမြန်ခြင်း၊ ချွေးငုပ်ခြင်း၊ ဝမ်းချုပ်ခြင်း၊ ဆီးနီခြင်း၊ ဝါခြင်း၊ ဆီးနည်းခြင်းနှင့် ကိုယ်လက်အင်္ဂါများ ကိုက်ခဲခြင်း၊ ဇက်ကြောတက်ခြင်း၊ ခေါင်းကိုက်၊ ဇက်လေး၊ ခေါင်းအုံခြင်း စသောလက္ခဏာများကို တွေ့ရှိရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ မဖြစ်ရလေအောင် နေပူ၊ မီးပူတို့ကို လွန်စွာခံခြင်းမှ ရှောင်ကြဉ်ခြင်း၊ အချိန်မှန်ရေချိုးခြင်း၊ ပန်ကာလေ၊ ယပ်ခတ်လေ၊ လေအေးခံခြင်း စသည်တို့ကိုလည်း ကြာရှည်မခံမိရန် လိုအပ်

နွေဥတုတွင် ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲခြင်းများဖြစ်ပါက ချွေးမငုပ်စေဘဲ ချွေးကလေး တစိုစိုဖြစ်နေစေရန် ကွမ်းရွက် ငါးရွက်ခန့်ကို ထန်းလျက် သုံးလုံးနှင့် ရောပြုတ်ပြီး အကြမ်းပန်းကန်တစ်လုံးစာ မနက်၊ နေ့လယ် နှစ်ကြိမ် ပူပူလေး သောက်ပေးနိုင်ပါသည်။ ထို့အပြင် ချင်းသုံးကျပ်သားခန့်နှင့် ထန်းလျက် သုံးလုံး ရောပြုတ်ပြီး အကြမ်းပန်းကန် တစ်လုံးစာ မနက်၊ နေ့လယ် နှစ်ကြိမ် ပူပူလေးသောက်ပေးနိုင်ပါသည်။ နန္ဒင်းမှိုင်း သို့မဟုတ် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၄၃) (အကင်း ၁၀ ပါးဆေး)ကို မှိုင်းခံပြီး ရှူပေးနိုင်ပါသည်။

နွေဥတုတွင် ဖြစ်လေ့ရှိသော မျက်စိကျိန်း၊ မျက်စိနာ ဖြစ်ရခြင်း အကြောင်းများမှာ အပူမိခြင်း၊ အပူဝင်ခြင်း၊ နေပူ၊ မီးပူခံခြင်း၊ ဝမ်းချုပ်ခြင်း၊ ခြေထောက်အောက်ပိုင်း အအေးမိခြင်း စသော အကြောင်းများကြောင့် ဖြစ်ရပါသည်။ ဖြစ်ဆဲလက္ခဏာများမှာ မျက်စိကျိန်းခြင်း၊ မျက်စိနာခြင်း၊ မျက်သားနီခြင်း၊ မျက်ရည်ယိုခြင်း၊ မျက်ရိုးကိုက်ခြင်း၊ အလင်းရောင်ကိုမကြည့်လိုခြင်းစသော လက္ခဏာများဖြစ်တတ်ပါသည်။ မျက်စိကျိန်းခြင်း၊ မျက်စိနာရောဂါ မဖြစ်စေရန် နေပူ၊ မီးပူတို့ကို တတ်နိုင်သလောက် ရှောင်ကြဉ်ပါ။ နေပူထဲသွားသည့်အခါ နေကာမျက်မှန်တပ်ပါ။ ထီး၊ ဦးထုပ် ဆောင်းပါ။ ဆီး၊ ဝမ်းတို့ကို မှန်စေရန် လိုအပ်ပါသည်။ အကယ်၍ မျက်စိကျိန်း၊ မျက်စိနာရောဂါဖြစ်လာပါက မန်ကျည်းခေါက်ကို ဆားနှင့်ရောသွေးပြီး မျက်စိတွင် ကွင်းပေးခြင်း၊ နဖူးတွင် လိမ်းခြင်း၊ ဆင်တုံးမနွယ်ကို ဆားနှင့်သွေးပြီး မျက်စိကိုကွင်းခြင်း၊ ဆီးဖြူသီးနှင့် ဆားသွေးပြီး ကွင်းခြင်းများ ပြုလုပ်ပေးနိုင်ပါသည်။ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၄၃) အကင်း ၁၀ ပါးဆေးကို မျက်စိကွင်းပါ။ မျက်စိကို ရှားစောင်းလက်ပပ်အနှစ်သား အုံပါ။ ငှက်ပျောသီးဖီးကြမ်း ပျော်ပျော်ကို စားပါ။ နံနက်အချိန် နွားနို့ကို ဆားခတ်ပြီးသောက်ပါ။ ညဘက်တွင် မန်ကျည်းဖျော်ရည်ကို ဆားခတ်ပြီး သောက်ပါ။ မျက်နှာသစ်သည့်အခါ ခြေထောက်ကို ရှေးဦးစွာ ရေလောင်းပြီးမှ သစ်ပါ။

နွေဥတုတွင် နှာခေါင်းသွေးလျှံခြင်းလည်း ဖြစ်တတ်ပါသည်။ အထူးသဖြင့် ကလေးသူငယ်များနှင့် လူရွယ်လူလတ်ပိုင်းများမှာ တွေ့ရတတ်ပါသည်။ နေပူ၊ မီးပူခံခြင်း၊ ဝမ်းချုပ်ခြင်း၊ အမျိုးသမီးများ သွေးချုပ်ခြင်း၊ အပူစာများ လွန်ကဲစွာစားသုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း စသောအကြောင်းများကြောင့် နှာခေါင်းသွေးလျှံနိုင်ပါသည်။ ဖြစ်ဆဲလက္ခဏာများမှာ နှာခေါင်းမှ သွေးလျှံခြင်း၊ မူးဝေခြင်း၊ မေ့လျော့ခြင်း၊ မျက်စိဝေခြင်း၊ မိုက်ခနဲဖြစ်တတ်ခြင်း စသောလက္ခဏာများကို တွေ့ရတတ်ပါသည်။ ပြုစုကုသနည်းမှာ နှာခေါင်းကို ရေခဲရေ သို့မဟုတ် ရေအေးဆွတ်ထားသော လက်ကိုင်ပဝါနှင့် အုပ်ထားပေးပြီး ပါးစပ်နှင့် ခေတ္တအသက်ရှူပေးပါ။ သွေးဆေးအေးတစ်မျိုးမျိုး၏ အနံ့ကိုရှူပေးပါ။ သပြေရွက်၊ ဩဇာရွက်၊ မာလကာရွက် တစ်မျိုးမျိုးကို ပွတ်ချေပြီး ရှူပေးပါ။ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၁၆) အပူငြိမ်းသွေးဆေးကို ရှူပေးနိုင်ပါသည်။ သကြားနှင့် သံပရာရည်ချိုချိုလေးဖျော်ပြီး တိုက်ပေးပါ။ ဝမ်းချုပ်၊ သွေးချုပ် မဖြစ်ရလေအောင် သတိပြုပါ။ မကြာခဏ နှာခေါင်းသွေးလျှံတတ်လျှင် မီးကွင်းဂမုန်း ငါးရွက်ခန့်ကို ရေသန့် တစ်လီတာနှင့် သုံးခွက် တစ်ခွက်တင် ကျိုပြီး သကြားခတ်၍ သောက်ပေးနိုင်ပါသည်။

စာမျက်နှာ ၁၂ သို့ ○



## မအူပင်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် Biometric ကောက်ယူခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

မအူပင် မေ ၂၂

ရောဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် ပန်းခင်း(၃)စီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်း၊ Biometric ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းများကို ယနေ့ နံနက်ပိုင်းက မင်းဘောကျေးရွာအုပ်စု သံဖြူစု အခြေခံပညာမူလတန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါကွင်းဆင်းဆောင်ရွက်မှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မအူပင်ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နီစိုးနှင့် မြို့နယ်ဦးစီးမှူး ဦးခင်မောင်အေးတို့ ဦးဆောင်ကြီးကြပ်မှုဖြင့် မင်းဘောကျေးရွာအုပ်စုတွင် နေထိုင်သည့်ပြည်သူများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးပြီး ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းများ ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ခြင်း၊ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းဖြင့် ရရှိသည့် အကျိုးကျေးဇူးများနှင့် မပျောက်ပျက်အောင် ထိန်းသိမ်းရမည့်နည်းလမ်းများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**

## ပန်းတနော်မြို့၌ မီးဘေးအန္တရာယ် အသိပညာပေး ဟောပြောခြင်းနှင့် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြ

ပန်းတနော် မေ ၂၂

ရောဝတီ တိုင်းဒေသကြီး ပန်းတနော်မြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၇ နာရီက အဆိုပါ မြို့နယ်အတွင်းရှိ (ရွှေနဂါးမင်း) စက်သုံးဆီ အရောင်းဆိုင်တွင် ဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိဦးမောင်မောင်ဦးက မီးဘေး အန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းနှင့် ပတ်သက်၍ စနစ်တကျ ကြိုတင်ဆောင်ရွက်ရမည့် နည်းလမ်းများအား အသိပညာပေးဟောပြောပြီး သန္ဓေ မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် မီးသတ်ဆေးဘူးကို အသုံးပြုကာ မီးငြိမ်းသတ် သရုပ်ပြသခဲ့ခြင်း၊ မီးငြိမ်းသတ် နည်းစနစ်များကို စနစ်တကျ သင်ကြား၍ ဆီမီးလောင်မှုအား လက်တွေ့ မီးငြိမ်းသတ်ခြင်း လုပ်ငန်းများကို ပန်းတနော်မြို့နယ် မင်းဆယ် ကျေးရွာအုပ်စု ဆယ့်နှစ်ရွာကျေးရွာ ရန်ကုန်-ပုသိမ်ကားလမ်းဘေးရှိ (ရွှေနဂါးမင်း)စက်သုံးဆီအရောင်းဆိုင်များတွင် ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ဆက်)**

## ကျိုက်မရောမြို့နယ် ကြီးအုပ်-ညောင်ကုန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

မော်လမြိုင် မေ ၂၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄၂၅ ဒသမ ၇၈၉သန်းဖြင့် ဆောင်ရွက်ခဲ့သော မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကြီးအုပ်-ညောင်ကုန်းလမ်း ၇ မိုင် ၄ ဖာလုံအနက် ၃ မိုင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

**ဆောင်ရွက်ပေး**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မွန်ပြည်နယ်အတွင်း လမ်းတံတားလုပ်ငန်း၊ သောက်သုံးရေနှင့်စိုက်ပျိုးရေ ရရှိရေးလုပ်ငန်း၊ တန်ဖိုးနည်းအိမ်ရာတည်ဆောက်ရေးလုပ်ငန်းစသည့် ဖွံ့ဖြိုးရေးလုပ်ငန်း



၂၈ ခုကို ခွင့်ပြုရန်ပုံငွေကျပ် ၂၄၈၃ ဒသမ ၂၆၄ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

❍ စာမျက်နှာ ၁၁ မှ

နွေဥတုတွင် ဆီးချုပ်၊ ဆီးပူ၊ ဆီးအောင့်ရောဂါလည်း အဖြစ်များပါသည်။ ၎င်းရောဂါဖြစ်ရခြင်း အကြောင်းများမှာ အပူဝင်၊ အပူငုပ်ခြင်း၊ အထိုင်များခြင်း၊ ပူသောဆေးအစာများကို စားသောက်မှုများခြင်း၊ ဆီး၊ ဝမ်း၊ လေချုပ်စာများကို အစားများခြင်း စသောအကြောင်းများကြောင့် ဖြစ်ရပါသည်။ ဖြစ်ဆဲလက္ခဏာများမှာ ဆီးနီခြင်း၊ ဝါခြင်း၊ ဆီးနည်းခြင်း၊ ဆီးပူခြင်း၊ ဆီးအောင့်ခြင်း၊ ကိုယ်ခန္ဓာအထက်ပိုင်းများ ကိုက်ခဲခြင်း၊ မျက်စိများဝေခြင်း၊ မျက်လုံးများပူခြင်း၊ အာခံတွင်းခြောက်ခြင်းနှင့် နှုတ်ခမ်းကွဲခြင်း စသည့် လက္ခဏာများကို တွေ့ရတတ်ပါသည်။ ထို့ကြောင့် တာရှည်စွာ ထိုင်ပြီး အလုပ်လုပ်ကိုင်ခြင်း၊ ပူသောဆေးအစာတို့ကို လွန်ကဲစွာ စားသုံးခြင်း၊ တစ်နေကုန် နေပူထဲတွင် အလုပ်လုပ်ပြီး ရုတ်တရက် ရေခဲစားခြင်း၊ ရေခဲရေသောက်ခြင်း၊ ရေချိုးခြင်းမျိုးကို ရှောင်ကြဉ်ရပါမည်။ ဆီးသွားချင်သည့် အဟုန်ကို တားဆီးခြင်း၊ အောင့်ထားခြင်းမျိုး မပြုလုပ်ရပါ။ နံနက်အိပ်ရာထတွင် ရေကိုဝအောင် သောက်ပေးပါ။ ဆန်ဆေးရည် တစ်ဖန်ခွက်စာတွင် သကြား လက်ဖက်ရည်ဇွန်း တစ်ဇွန်းစာ ထည့်ပြီး သောက်ပေးပါ။ ဆူးလေပင် ပန္နင်းပါး လက်တစ်ဆုပ်စာကို ပြုတ်ပြီး လက်ဖက်ရည်ပန်းကန်တစ်လုံးစာ သောက်ပေးနိုင်ပါသည်။ ကသော့ပုပ် တစ်ပင်လုံး ပန္နင်းပါး လက်တစ်ဆုပ်စာကို နာရီဝက်ခန့်ပြုတ်ပြီး ပြုတ်ရည် လက်ဖက်ရည်ပန်းကန် တစ်လုံးစာကို တစ်နေ့နှစ်ကြိမ် သောက်ပေးနိုင်ပါသည်။ ကျောက်ဖရုံသီးအတွင်းသားကို ခြစ်ပြီး အရည်ညှစ်ယူ၍ လက်ဖက်ရည် အကြမ်းပန်းကန်တစ်ဝက်တွင် ရှိန်းခို လက်ဖက်စားဇွန်း တစ်ဇွန်း၊ ဆားလက်ဖက်စားဇွန်း တစ်ဇွန်းစာထည့်ပြီး တစ်နေ့ နှစ်ကြိမ် သောက်ပေးလျှင် ဆီးပူ၊ ဆီးအောင့်ရောဂါ သက်သာစေပါသည်။ ဂေါ်ဖီထုပ်ကို ပြုတ်၍ အကြမ်းပန်းကန် တစ်လုံးစာ သောက်ပေးခြင်း၊ ထန်းရည်ချိုကို သကြားနှင့်ရောနှောပြီး သောက်ပေးခြင်းများဖြင့်လည်း သက်သာစေပါသည်။

ထို့ပြင် နွေဥတုတွင် အဖြစ်များသောရောဂါတစ်ခုမှာ အပူလျှပ်ရောဂါ ဖြစ်ပါသည်။ ဖြစ်ရခြင်းအကြောင်းများမှာ နေပူလွန်စွာမိခြင်းနှင့် အလွန်အအေးမိခံခြင်း၊ ရေချိုးမှားခြင်း၊ နေပူကပြန် ရေချိုးခြင်း၊ ပန်ကာလေ၊ အဲကွန်းလေ အခံများခြင်း၊ ဆီး၊ ဝမ်းအချုပ်ခံခြင်း၊ အေးသော ဖွဲ့သောအစာများကို လွန်စွာစားမိခြင်း၊ ပူရာမှ အေးသောဥတုနှင့် ကြုံကြိုက်ခြင်း၊ အေးရာမှ ပူသောဥတုနှင့် ကြုံကြိုက်ခြင်း စသည့်အကြောင်းရင်းများကြောင့် နှလုံးတွင် အပူဓာတ်များစုမိ၍ နှလုံးသွေးများ ဆူပွက်ပြီး ဖြစ်ပေါ်လာသည့် ဥဏှဝါယောဓာတ်သည် ဦးနှောက်သို့ တွန်းတင်လိုက်သောအခါ သတိလစ် မေ့လဲခြင်းကို ဖြစ်ပေါ်စေပါသည်။ အပူလျှပ်သော လက္ခဏာများမှာ ပထမအဆင့်တွင် ကိုယ်ပူချိန်တက်ခြင်း၊ ဖျားခြင်း၊ ကိုယ်တစ်ပိုင်းပူ၊ တစ်ပိုင်းအေးဖြစ်နေတတ်ခြင်း၊ ကိုယ်လက်လေးလံ ထိုင်းမှိုင်းနေခြင်း (လေဖြန်းမည့် အခြေအနေရောက်နေခြင်း) ချွေးငုပ်နေခြင်း၊ နှာရည်၊ မျက်ရည်တို့ ယိုစီးနေတတ်ခြင်း၊ ဆီးပူခြင်း၊ ဆီးနည်းခြင်းတို့ဖြစ်ခြင်းနှင့် ဒုတိယအဆင့်တွင် နှလုံးသွေးဖောက်ပြန်မှုကြောင့် မေးလျှင် မထူးနိုင်ခြင်း၊ ခေါ်လျှင် မကြားနိုင်ခြင်း၊ စကားမပီသခြင်း၊ သတိချို့ယွင်းခြင်း၊ အပူကြီး၍ မူးလဲခြင်းလက္ခဏာများကို ဖြစ်စေတတ်ပါသည်။ အပူနှင့်လေ အထက်သို့တက်ပြီး ဦးနှောက်သွေးကြောပေါက်ခြင်း (လေဖြတ်ခြင်း)တို့ အဆင့်ဆင့်ဖြစ်စေပါသည်။ ဤအဆင့်တွင် အသက်အန္တရာယ်ထိခိုက်စေနိုင်သော အရေးပေါ်အခြေအနေ ဖြစ်သည့်အတွက် နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံး ပြသကုသမှုခံယူရမည် ဖြစ်ပါသည်။

### ဆောင်ရန်၊ ရှောင်ရန်များ

နွေဥတု၌ဖြစ်တတ်သော ရောဂါအချို့ကို တိုင်းရင်းဆေးဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် လိုက်နာဆောင်ရွက်ရန်များမှာ အထူးသဖြင့် နေရိပ်ထဲတွင်နေပါ။ အပြင်ထွက်သည့်အခါ ဦးထုပ်၊ ထီး အဆောင်းတစ်ခုခုဖြင့် သွားပါ။ ချို၊ အေး၊ မွေးသော အစားအသောက်များကိုစားပါ။ ဥပမာ - ဖရဲသီး၊ လိမ္မော်သီး၊ ကမ္ဘလာသီး၊ ကျောက်ဖရုံသီး၊ ဘူးသီး၊ ဘူးရွက်စားပါ။ ရေချိုငါး၊ ငါးကလေး၊ ငါးကြင်း၊ စာကလေး၊ ချိုး၊ ခါ၊ ကြက်၊ ငုံးသား၊ ဆိတ်သားများစားပါ။ ကြေညက်လွယ်သော အစာများစားပါ။ ရာသီပေါ်အသီးအနှံများဖြစ်သော ဥသျှစ်ရွက်၊ ဥသျှစ်သီး၊ ရဲယိုသီး၊ ရဲယိုရွက်၊ ဒန့်သလွန်သီး၊ ဒန့်သလွန်ရွက်၊ ကုက္ကိုရွက်၊ ကြက်သဟင်းရွက်၊ ခံတက်ရွက်၊ ပျဉ်းတော်သိမ်ရွက်၊ ရှောက်ရွက်၊ဆိတ်ဖူး၊ နနွင်း စသောအစားအစာများကိုလည်း စားပေးနိုင်ပါသည်။ ရေများများ သောက်ပါ။ အပူမစုပ်သော အရောင်ဖျော့သည့် ချည်ထည်အဝတ်အစားများ ဝတ်ဆင်ပါ။ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ စသည့်ရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ။ ချွေးများ၍ ခန္ဓာကိုယ်အတွင်း ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန်အတွက် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။ မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်း၊ ကရမက်ကို သွေး၍ ကျဲကျဲပါးပါး လိမ်းပေးသင့်ပါသည်။ တိုင်းရင်းဆေးအမှတ်(၄၃) အကင်း ၁၀ ပါးဆေးကို ရေနှင့်ကျဲကျဲဖျော်ပြီး လိမ်းပေးနိုင်ပါသည်။ ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက်ပါ အချက်များကိုလည်း လိုက်နာဆောင်ရွက်ပါ။

**ရှောင်ကြဉ်ရန်အနေဖြင့်** ပူ၊ ခါး၊ စပ် အရသာရှိသော အစားအသောက်များ ရှောင်ပါ။ အရက်သေစာသောက်ခြင်း၊ အလွန်ပူသော ထမင်း၊ ဟင်း စားခြင်း၊ ရက်လွန်ချက်ပြုတ်ထားသော အစားအသောက်များစားခြင်း၊ ရေခဲရေ၊ အလွန်အေးသောရေ မသောက်သင့်ပါ။ အပူဆေး၊ အပူစာများကို ရှောင်ပါ။ အပူလျှပ်ပြီး အပြင်းဖျားခြင်း မဖြစ်စေရန် နွေဥတု နေပူပြင်းထန်ချိန်တွင် ချွေးငုပ်စေသော လေအေးတိုက်ခံခြင်း၊ ပန်ကာလေခံခြင်း၊ ရေခဲရေ စသော အအေးလွန် အစားအသောက်များကို စားသောက်ခြင်းနှင့် အထူးသဖြင့် ရေချိုးမမှားစေရန် သတိပြုရှောင်ကြဉ်ရပါမည်။

တိုင်းရင်းဆေးပညာအရ မိမိ ပတ်ဝန်းကျင်မှာဖြစ်နေသော ရာသီဥတု၏ ပူသည်၊ အေးသည်ကို သတိပြု၍ အပြင်ရာသီဥတုအေးလျှင် အေးသလို ပူလျှင်ပူသလို အပြင်ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်အောင် နေထိုင်တတ်ရန် လိုအပ်ပါသည်။ ထို့ကြောင့် နွေဥတုတွင် ရောဂါဘယကင်းဝေးစေရန် တိုင်းရင်းဆေးဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန် မြန်မာ့တိုင်းရင်းဆေးပညာအရ ကျန်းမာရေးအသိပေး နည်းလမ်းများနှင့်အညီ ပြုမူ၊ နေထိုင် စားသောက်သွားနိုင်ရန် အသိပေး ရေးသားလိုက်ရပါသည်။ ။

### ကျမ်းကိုးစာရင်းများ

- နာဂသေနာဘိဝံသ(အရှင်)၊ "စရကသံဟိတာကုထုံးကျမ်းကြီး" (ပ-တွဲ)၊ ၁၉၇၃ ခုနှစ်။
- ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ "ဌာနသုံး တိုင်းရင်းဆေးနည်းများ" ၁၉၉၀ ပြည့်နှစ်၊ မတ်လ။
- ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ "မြန်မာ့တိုင်းရင်းဆေးပညာ စံညွှန်းကုထုံး" ၂၀၁၃ ခုနှစ်။
- ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ "အခြေခံတိုင်းရင်းဆေးပညာပေး ရက်တိုသင်တန်းလက်စွဲစာအုပ်" ၂၀၁၄ ခုနှစ်၊ မတ်လ။
- ဘိုးလှိုင်(ဦး) "ဥတုဘောဇနသင်္ဂဟကျမ်း" ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ။

# ဟားမတ်စ်အဖွဲ့အား အရှိန်အဟုန်မြှင့် ဖြိုခွင်းသွားမည်ဟု နေတန်ယာဟု ပြောကြား

ဂျေရုဆလင် မေ ၂၂

ဟားမတ်စ်အဖွဲ့အား အရှိန်အဟုန်မြှင့် ဖြိုခွင်းသွားမည်ဟု အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက မေ ၂၁ ရက်တွင် ပြောကြားသည်။

အချိန်နှင့် နေရာကို အသေးစိတ် မဖော်ပြဘဲ "လာမည့်ရက်များအတွင်း ဟားမတ်စ်အဖွဲ့အပေါ် အရေးယူဆောင်ရွက်မှုများပြုလုပ်မည်"ဟု နေတန်ယာဟုက ထပ်လောင်းပြောကြားသည်။

"လာမည့်ရက်အနည်းငယ်အတွင်း အစ္စရေးသည် ဟားမတ်စ်များအပေါ် စစ်ရေးနှင့် သံတမန်ရေးရာ ဖိအားများ တိုးမြှင့်မည်ဖြစ်ပြီး ယခုကဲ့သို့ တိုးမြှင့်ခြင်းသည် ဓားစာခံများ လွတ်မြောက်ရန်အတွက်ဖြစ်သည်"ဟု ၎င်းက မှတ်ချက်ပြု ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသ တောင်ပိုင်းတွင် ခိုလှုံနေကြသော အရပ်သားတစ်သန်းကျော်ကို ထိခိုက်နိုင်သောကြောင့် တိုက်ခိုက်ခြင်းမှ ရှောင်ကြဉ်ရန် နိုင်ငံတကာမှ တောင်းဆိုခဲ့သော်လည်း အစ္စရေးတပ်ဖွဲ့က ရာဖယ်မြို့ကို မြေပြင်ထိုးစစ် စတင်မည်ဟု နေတန်ယာဟုက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ





# ယူဂန္ဒာမြောက်ပိုင်းတွင် ရေကြီးမှုကြောင့် အိမ်ထောင်စု ၁၅၀၀၀ ကျော် အိုးအိမ်မဲ့ဖြစ်ခဲ့ရ

ကမ်ပါလာ မေ ၂၂

ယူဂန္ဒာနိုင်ငံ မြောက်ပိုင်း ဒိုကိုလိုခရိုင်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ဖြစ်ပေါ်ခဲ့သည့် ရေကြီးမှုကြောင့် အနည်းဆုံး အိမ်ထောင်စု ၁၅၀၀၀ ကျော်သည် အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက မေ ၂၂ ရက်တွင် ပြောကြားသည်။

ထိခိုက်ခံရသူအများစုမှာ အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ပြီး စာသင်ကျောင်းများနှင့် ကျန်းမာရေးဌာနများတွင် ခိုလှုံနေကြရကြောင်း ဒိုကိုလိုခရိုင်ကော်မရှင်နာမင်းကြီးက ဆင်ဟွာသတင်းဌာနသို့ တယ်လီဖုန်းဖြင့် ပြောကြားခဲ့သည်။

အဆိုပါ ရေကြီးမှုကြောင့် သီးနှံစိုက်ခင်း အများအပြား ပျက်စီးခဲ့ပြီး ယင်းဒေသများတွင် ကူးစက်ရောဂါများ ဖြစ်ပွားနိုင်ကြောင်း သိရသည်။ မေလအစောပိုင်းတွင် မိုးကြိုးမုန်တိုင်းဖြစ်ပွားမှုကြောင့် မိုးကြိုးပစ်ခြင်းနှင့် ရေကြောင့်ဖြစ်သော ရောဂါများ ဖြစ်နိုင်ကြောင်း မိုးလေဝသအာဏာပိုင်များက သတိပေးထားသည်။

ယူဂန္ဒာအရှေ့ပိုင်း၌ ၂၀၂၂ ခုနှစ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများကြောင့် လူ ၂၄ ဦး သေဆုံးပြီး လူပေါင်းများစွာ အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်

# ၂၀၂၄ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံ၏ စီးပွားရေး ၂ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်မည်ဟု နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ အစီရင်ခံစာ ထုတ်ပြန်

ဘန်ဒါဆရီဘီဂါဝန် မေ ၂၂

ဘရူနိုင်းနိုင်ငံ၏ စီးပွားရေးသည် ၂၀၂၄ ခုနှစ်တွင် ၂ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၂၀၂၅ ခုနှစ်တွင် ၂ ဒသမ ၅ ရာခိုင်နှုန်း တိုးလာမည်ဟု နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF)၏ နောက်ဆုံးအစီရင်ခံစာအရ သိရသည်။

ဘရူနိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းကို ၂၀၂၉ ခုနှစ်တွင် ၃ ဒသမ ၁ ရာခိုင်နှုန်းအထိ ရောက်ရှိရန် မျှော်မှန်းထားပြီး နိုင်ငံစီးပွားရေး တိုးတက်မှုနှုန်းသည် ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တို့တွင် ကျဆင်းမှုနှင့် ကြုံတွေ့ခဲ့ရသော်လည်း ၂၀၂၃ ခုနှစ်တွင် တိုးတက်မှုရှိခဲ့ကြောင်း ပြည်တွင်းနေ့စဉ်သတင်းစာ Borneo Bulletin က နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ အစီရင်ခံစာကို ကိုးကား၍ သတင်းဖော်ပြခဲ့သည်။

ဘရူနိုင်းနိုင်ငံသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဲ့သို့သော သဘာဝအရင်းအမြစ်များ ကြွယ်ဝသော နိုင်ငံဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ဘရူနိုင်းနိုင်ငံ ပြည်တွင်းအသားတင်ထုတ်လုပ်မှု၏ ၄၇ ဒသမ ၄ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

ဘရူနိုင်းနိုင်ငံသည် မကြာသေးမီနှစ်များအတွင်းက ရေနံဓာတုဗေဒနှင့် စက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခဲ့သည့်အပြင် သတင်းအချက်အလက်နည်းပညာ၊ စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်းနှင့် နိုင်ငံတကာကုန်သွယ်မှုကဲ့သို့သော လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်



# ဗီယက်နမ် ကမ္ဘာလှည့်ခရီးသွားများ အရှေ့တောင်အာရှနှင့် အရှေ့မြောက်အာရှဒေသများသို့ ခရီးသွားလာမှု များပြား

ဟနွိုင်း မေ ၂၂

ဗီယက်နမ် ကမ္ဘာလှည့်ခရီးသွားများသည် ယခုနှစ်တွင် အရှေ့တောင်အာရှနှင့် အရှေ့မြောက်အာရှဒေသများသို့ အများအပြား ခရီးသွားလာခဲ့ကြကြောင်း ယနေ့ဗွီအင်န်အိတ်စ်ပရက် သတင်းတစ်ရပ်အရ သိရသည်။

လက်ရှိအချိန်တွင် ပြည်တွင်းခရီးစဉ်များသည် ပြည်ပခရီးစဉ်များထက် စရိတ်အကုန်အကျများပြားသည်ဟု ပြည်တွင်းခရီးသွားကုမ္ပဏီများက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံရှိ ဂျပန်အမျိုးသားခရီးသွားလုပ်ငန်းအဖွဲ့၏အဆိုအရ ယခုနှစ် ပထမနှစ်လအတွင်း ဂျပန်နိုင်ငံသို့ ဗီယက်နမ်ဧည့်သည် ၁၀၇၀၀၀ ကျော် ရောက်ရှိခဲ့ပြီး ၂၀၁၉ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၄၀ ရာခိုင်နှုန်း တိုးမြင့်လာခဲ့သည်ဟု သိရသည်။

ယခုနှစ်ပထမသုံးလပတ်တွင် ဗီယက်နမ်ခရီးသွား ၁၂၀၀၀၀ နီးပါးသည်တောင်ကိုရီးယားနိုင်ငံသို့လာရောက်ခဲ့ပြီး ယမန်နှစ် အလားတူအချိန်ကထက် ၃၈ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လာသည်။

ကိုးကား - ဗွီအင်န်အိတ်စ်ပရက်
ဘာသာပြန် - စိုးသူရ



# အစ္စရေး၏လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးခဲ့သည့် ပါလက်စတိုင်းကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးမှ မိန်းကလေးတစ်ဦးကို အသက်ရှင်လျက်မွေးဖွားနိုင်ခဲ့

ဂျေရုဆလင် မေ ၂၂

ဂါဇာကမ်းမြောင်ဒေသ တောင်ပိုင်း ရာဖယ်မြို့တွင် အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးခဲ့သည့် ပါလက်စတိုင်း ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးမှ မိန်းကလေးတစ်ဦးကို ကယ်တင် မွေးဖွားခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

ယင်းတိုက်ခိုက်မှု အတွင်း ကလေး ၁၈ ဦးနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးအပါအဝင် လူ ၂၂ ဦး သေဆုံးခဲ့သည်။ ယင်းအမျိုးသမီးကို ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားခဲ့ကြောင်း သိရသည်။ ဆေးဘက်ဆိုင်ရာဝန်ထမ်းများက ၎င်းအား အရေးပေါ်ခွဲစိတ်ကုသမှုပြုလုပ်ပြီး ကလေးငယ်ကို ကယ်တင်ခဲ့ကာ ကလေးငယ်သည် ကိုယ်အလေးချိန် ၁ ဒသမ ၄ ကီလိုဂရမ်သာရှိသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ကလေးငယ်အား အောက်ဆီဂျင်ပေးနေစဉ်အဝတ်ဖြင့် ထုပ်ပိုးထားသည့် ဗီဒီယိုဖိုင်ကို ပြသခဲ့သည်။ ယင်းတိုက်ခိုက်မှုကြောင့် အသက်ရှင်ခဲ့သည့် မိန်းကလေး၏ ဖခင်၊ သုံးနှစ်အရွယ် အစ်မဖြစ်သူနှင့် မိခင်တို့ သေဆုံးခဲ့ကြောင်း သိရသည်။ ၎င်းသည် မိဘမဲ့တစ်ဦးအဖြစ် မွေးဖွားလာခြင်းမှာ ဝမ်းနည်းစရာဖြစ်ကြောင်း ဆရာဝန်တစ်ဦးက ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - စိုးသူရ



# ဘူးသီးတောင်မြို့ရှိ ယာယီခိုလှုံရာစခန်းများတွင် နေထိုင်လျက်ရှိသော နေရပ်စွန့်ခွာသူများအား ဆန်အိတ်များ ထောက်ပံ့



နေပြည်တော် မေ ၂၂

AA အကြမ်းဖက်သောင်းကျန်းသူများက မေ ၁၂ ရက်တွင်ကွန်တိုင်ကျေးရွာ၊ရွက်ညိုတောင်ကျေးရွာနှင့် ဦးလှဖေကျေးရွာအတွင်းသို့ အကြောင်းမဲ့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ မီးရှို့ခြင်းများကြောင့် ကြောက်ရွံ့၍ ရှောင်တိမ်းလာသော ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ရှိ ယာယီခိုလှုံရာစခန်း သုံးခုတွင် ခေတ္တခိုလှုံနေထိုင်လျက်ရှိသည့် ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်များအား ဆန်အိတ်များ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ နယ်မြေခံ တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စုဝင်များ တက်ရောက်ကြသည်။

ထို့နောက် တာဝန်ရှိသူများက ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် အိမ်ထောင်စု တစ်စုလျှင် ဆန်တစ်အိတ်နှင့် တစ်ပြည်နှုန်းဖြင့် အိမ်ထောင်စု ၉၅၅ စုအတွက် ဆန်အိတ် ၁၀၀၀ အိတ်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဖြူးမြို့တွင် ဆိုင်ကယ်စီးနင်းနေသည့် ပြည်သူများကို အကြောင်းမဲ့ဖမ်းဆီးပြီး စစ်မှုထမ်းဆောင်ရန် ခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသား ဖြန့်ဝေလျက်ရှိ

နေပြည်တော် မေ ၂၂

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့တွင် မေ ၂၁ ရက်က ဆိုင်ကယ်စီးနင်းနေသည့် ပြည်သူ ၈၀ ခန့်ကို အကြောင်းမဲ့ဖမ်းဆီးပြီး စစ်မှုထမ်းဆောင်ရန် ကားများဖြင့် ခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit က လူမှုကွန်ရက်စာမျက်နှာများတွင် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




## ကောလာဟလ သတင်းအမှားများ

နိုင်ငံတော်အစိုးရမှ ပြည်သူ့စစ်မှုထမ်း ဥပဒေ စတင်အာဏာတည်ကြောင်း သတ်မှတ်သည့်နေ့မှစပြီး တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသည့် အကြမ်းဖက်သမားများက ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန် လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးမှူးများက စစ်မှုထမ်းဆောင်ရန် ပေါ်တာဆွဲခြင်း၊ လမ်းသွားလမ်းလာ ပြည်သူများကို အကြောင်းမဲ့ဖမ်းဆီးခြင်းများ လုပ်ဆောင်နေကြောင်း ကောလာဟလ သတင်းအမှားများအပြင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် တာဝန်ရှိသူများကို နှောင့်ယှက်ဖျက်ဆီးခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်းနှင့် ခြိမ်းခြောက်ခြင်းများ ပေါ်ပေါ်ထင်ထင် လုပ်ဆောင်နေသည်ကို ပြည်သူများကလည်း သိရှိပြီးဖြစ်သည်။

## လုပ်ကြံရေးသားဝါဒဖြန့်ဝေနေ

ယခုဖြစ်စဉ်တွင်လည်း လုံခြုံရေး ပူးပေါင်းတပ်ဖွဲ့ဝင်များက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့ရွာများ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးအရ စစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိသည့်ကို ပြည်သူများ အထင်အမြင်လွဲမှားစေရန် အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်သည်။ ထိုသို့ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်သည့် ကောလာဟလသတင်းအမှားများကြောင့် စိုးရိမ်ထိတ်လန့်မှုများ မဖြစ်ပေါ်စေရန် နိုင်ငံပိုင်မီဒီယာများ၊ သတင်းစာများမှ တစ်ဆင့်အသိပညာပေးခြင်းများ လုပ်ဆောင်လျက်ရှိပြီး ပြည်သူများအနေဖြင့်လည်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း သိရသည်။

သတင်းစဉ်

# ကော့ကရိတ်မြို့ကို တပ်မတော်က ဓာတုအဆိပ်ဗုံးများဖြင့် တိုက်ခိုက်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မေ ၂၂

ကရင်ပြည်နယ် ကော့ကရိတ်မြို့ကို တပ်မတော်က ဓာတုအဆိပ်ဗုံးများဖြင့် မေ ၂၀ ရက်တွင် ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါ တိုက်ခိုက်မှုကြောင့် အကြမ်းဖက်သမားများနှင့် ဒေသခံပြည်သူများ မူးဝေ၊ အော့အန်ခြင်းဝေဒနာများ ခံစားနေရကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




## ပူးပေါင်းပါဝင်လျက်ရှိ

ကော့ကရိတ်မြို့တွင် အကြမ်းဖက် လုပ်ရပ်များ လုပ်ဆောင်နေသည့် လက်နက်ကိုင် သောင်းကျန်းသူများကို တပ်မတော်က အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်မှုဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်လျက်ရှိပြီး လေကြောင်းတိုက်ခိုက်မှုများနှင့် မြေပြင်မှ ထိရောက်သည့် လက်နက်ကြီးပစ်ခတ်မှုများကြောင့် အကြမ်းဖက်သောင်းကျန်းသူများ ထိခိုက်သေဆုံးမှုများပြားလျက်ရှိကြောင်း မြေပြင်သတင်းပေးပို့ချက်များအရ သိရှိရသည်။ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ထိုသို့ ထိခိုက်သေဆုံးမှုများတိုင်း တရားမဝင်ပြည်ဖျက်မီဒီယာများမှတစ်ဆင့်တပ်မတော်မှ ဓာတုအဆိပ်ဗုံးများ အသုံးပြုတိုက်ခိုက်နေကြောင်း မဟုတ်မမှန် ဝါဒဖြန့်ဝေခြင်းများကို ယခင် တိုက်ပွဲဖြစ်စဉ်များတွင်လည်း တွေ့မြင်ရသည်။

တပ်မတော်သည် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်လျက်ရှိပြီး နယ်မြေလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကိုလည်း ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်သမားများက ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများဖြင့် ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်အတွက် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံ ရေးသားနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မေ ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Soe Min Nwe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်ရပ်ကွက်နေ စိုးမင်းနွယ်အား မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ရွှေပေါက်ကံနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# လစဉ် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးခြင်းကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် သွားရောက်ကြည့်ရှုအားပေး

ပဲခူး မေ ၂၂

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် (၁၇)ကြိမ်မြောက် လစဉ် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းကို သွားရောက်ကြည့်ရှုအားပေးသည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေး ကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများက ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုသည်။

အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား လစဉ် တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီးများ၌ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိသည့်အပြင် လူနာတစ်ဦးလျှင် အခမဲ့ဆေးဝါးတစ်လစာ လစဉ် ထောက်ပံ့ပေးလျက်ရှိကြောင်းနှင့် အခြေခံစားသုံးကုန်များအား သက်သာသောနှုန်းထားဖြင့် တစ်ပါတည်း ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း၌ စုစုပေါင်းအငြိမ်းစားနိုင်ငံ့ဝန်ထမ်းဦးရေ ၉၃၀၀၀ ကျော်ရှိပြီး ပဲခူးမြို့နယ်အတွင်း၌ အငြိမ်းစား နိုင်ငံ့ဝန်ထမ်း ၁၂၀၀၀ ကျော်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# မွန်ပြည်နယ်ဝန်ကြီးချုပ် ရေကြောင်းလူငယ် အခြေခံ / တန်းမြင့်သင်တန်းနှင့် အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁ / ၂၀၂၄) ဖွင့်ပွဲတက်ရောက်

မော်လမြိုင် မေ ၂၂

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ကျောင်းသား ကျောင်းသူ မျိုးဆက်သစ် လူငယ်မောင်မယ်များ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ



ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်းများ၊တပ်မတော်(လေ)က အခြေခံ လေကြောင်းလူငယ် သင်တန်း အမှတ်စဉ်(၁/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်နယ်ခန်းမ၌ ကျင်းပသည်။

**အနာဂတ်မျိုးဆက်သစ်**

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ ရေကြောင်းဆိုင်ရာပညာရပ်များ၊ လေကြောင်းဆိုင်ရာ ပညာရပ်များကို စိတ်ပါဝင်စားပြီး အခြေခံအဆင့် တတ်မြောက်စေရေး၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်၍ ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သော လူငယ်လူရွယ်များ ဖြစ်လာစေရေး၊ အနာဂတ်မျိုးဆက်သစ် အင်အားများရရှိကာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း တပ်မတော်(ရေ) ရေကြောင်းလူငယ်သင်တန်း၊ တပ်မတော်(လေ) လေကြောင်းလူငယ်သင်တန်းများကို ရက်သတ္တပါတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မကွေးတိုင်းဒေသကြီးတွင် အခြေခံလေကြောင်းလူငယ်သင်တန်း (၁ / ၂၀၂၄)ဖွင့်ပွဲကျင်းပ

မကွေး မေ ၂၂

ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) နှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံ လေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မကွေးမြို့ မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မကွေးတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က အခြေခံလေကြောင်း လူငယ်သင်တန်းကို တက်ရောက်ခွင့်ရရှိသည့် လူငယ်များအနေဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးချသင်ယူရသောကြောင့် အသိပညာ၊ အတတ်ပညာရပ်ပိုင်း ဆိုင်ရာများကို တစ်စိတ်တစ်ဒေသ အထောက်အကူ ပြုစေမှာဖြစ်ကြောင်း၊ ယနေ့နိုင်ငံတော်ကြီးသည် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍများတွင် တိုးတက်လာသည်နှင့်အမျှ နောင်တစ်ခေတ်၏ ခေါင်းဆောင်များ ဖြစ်သည့် လူငယ်များသည် ခေတ်စနစ်နှင့်အညီ ရင်ပေါင်တန်းလိုက်ပါပြီး တိုးတက်နေသည့် ပညာရပ်များကို မျက်ခြည်မပြတ် ဆည်းပူးလေ့လာသွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများနှင့် လေကြောင်းဆိုင်ရာ သမိုင်းမှတ်တမ်း ဓာတ်ပုံများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

သင်တန်းသို့ မကွေးတိုင်းဒေသကြီးအတွင်းမှ သင်တန်းသား ၂၄ ဦး၊ သင်တန်းသူ ၂၆ ဦး စုစုပေါင်း ၅၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တပါတ်ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)





# အခြေခံလေကြောင်းလူငယ်သင်တန်း (တောင်ကြီးသင်တန်းစခန်း) ဖွင့်ပွဲကျင်းပ

တောင်ကြီး မေ ၂၂

အခြေခံလေကြောင်းလူငယ်သင်တန်း (တောင်ကြီးသင်တန်းစခန်း) အမှတ်စဉ်(၁/၂၀၂၄) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ကျင်းပသည်။

လေကြောင်းသင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ယခုလို လေကြောင်းလူငယ်သင်တန်းများ ဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်မှာ ကျောင်းသားလူငယ်များ လေကြောင်းဆိုင်ရာပညာရပ်များကို စိတ်ပါဝင်စားစေပြီး အခြေခံအဆင့် ကျွမ်းကျင်တတ်မြောက်စေရေး၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး ကျန်းမာကြံ့ခိုင်စွာဖြင့် စုပေါင်းဆောင်ရွက်တတ်မှု အလေ့အကျင့်ကောင်းများ ရရှိစေရေး၊ လေကြောင်းသမိုင်းကို လေ့လာခြင်းဖြင့် လေကြောင်းနှင့် အာကာသသိပ္ပံပညာရပ်များတွင် စိတ်ပါဝင်စားမှု ပိုမိုတိုးပွားလာစေပြီး နိုင်ငံတော်အတွက် အနာဂတ်ကာလတွင် စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားသည့် အင်အားသစ်လူငယ်များ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်ပြီးဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး သင်ထောက်ကူပစ္စည်းများအား ကြည့်ရှုကြသည်။

အဆိုပါ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၄) သင်တန်းကို မေ ၂၂ ရက်မှ မေ ၂၄ ရက်ထိ ရက်သတ္တပါတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် သင်တန်းစခန်း ၁၇ ခု၌ သင်တန်းသား သင်တန်းသူ ၅၀ စီဖြင့် စုစုပေါင်း ၈၅၀ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# အပြီးလှလှ ပြီးကြစေဖို့

ထက်ဝေအောင်(စစ်ကိုင်း)

**ကုသိုလ်ကို စိတ်ပိုင်းကြည့်လျှင် အဆိုးတရားများကို ဖယ်ရှားဖျက်ဆီးနိုင်သောတရားဟူ၍ တရားတော်များမှ သိရှိရသည်။ ကုသိုလ်နှင့်ပျော်မွေ့သူတစ်ယောက်သည် သဘာဝအရ စိတ်နှလုံးနူးညံ့ပြီး ကျယ်ဝန်းသောငြိမ်းချမ်းမှုနှင့် အပြန်အလှန်ဆက်စပ်နေလေ့ရှိသည်။ ကုသိုလ်ရှိသူသည် မေတ္တာနှင့် ပျော်ရွှင်မှုကို ကောင်းစွာဖန်တီးနိုင်ပေသည်။ ကုသိုလ်၏ အခြားဘက်၌ အကုသိုလ်တည်ရှိသည်။ အကုသိုလ်သည် ကုသိုလ်၏ဆန့်ကျင်ဘက်အလုပ်များကို ပြုကျင့်ခြင်းကြောင့် ရှောင်ရှားသင့်သည့် သဘောတရားတစ်ခုဖြစ်သည်။ အကုသိုလ်သည် သိလျက်ဖြစ်စေ၊ ရည်ရွယ်လုပ်ဆောင်မှုကြောင့်ဖြစ်စေပြုမူနိုင်သည်။ တစ်ပါးသူ၏ အသက်၊ အရှက်နှင့် သိက္ခာညှိုးနွမ်းအောင်လုပ်ဆောင်မှုတိုင်း သူတစ်ပါးအကျိုးစီးပွားပျက်စီးစေသဖြင့် အကုသိုလ်အလုပ် ရှောင်ရှားကြရမည်ဖြစ်သည်။**

အတိတ်ကပြုခဲ့ဖူးသည့် ကုသိုလ်၊ အကုသိုလ် အရိပ်လက္ခဏာများကို မျက်မှောက်ဘဝ နေထိုင်မှုပုံစံကို ကြည့်ရှုရုံမျှ အကဲခတ်နိုင်သည်။ အတိတ်ကံသည် ပြုလုပ်ပြီးဖြစ်ခြင်းကြောင့် ဆိုးခြင်း၊ ကောင်းခြင်းကို ပြုပြင်တည့်မတ်ရန် မလွယ်ကူနိုင်ပေ။ အတိတ်ကံကောင်းမှုကြောင့် ဘဝတစ်လျှောက် အပူအပင်ကင်းကင်းနေထိုင်ရသူများလည်းရှိသည်။ လုပ်တိုင်းမဖြစ် စိတ်ညစ်နေရသူများလည်းရှိသည်။ အခက်အခဲ၊ အကျပ်အတည်းသည် ပြည့်စုံသူ၊ မပြည့်စုံသူများအကြား အမြဲတစေ ဝင်ရောက်နေမည်သာဖြစ်သည်။ သို့ဖြစ်၍ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ခရီးကြမ်းတွင် ကံကောင်းစေမည့် ကုသိုလ်စိတ်ထား ပွားများအားထုတ်ပြီး စိုးရိမ်ကြောင့်ကြမှုကို ဖြေလျှော့သွားရမည်ဖြစ်သည်။

**ယောနိသော မနသိကာရတရား လက်ကိုင်ထား**

စိုးရိမ်သောက စိတ်ဒုက္ခသည် လွန်စွာကျဉ်းမြောင်းလှသည်။ စိတ်ညစ်လျှင် စိတ်ထွက်ပေါက် ပိတ်သွားသည့်ပမာဖြစ်သွားသည်။ စိတ်တို့သည်လည်း တရစပ်လှုပ်ရှားနေမည်ဖြစ်သည်။ စိတ်ညစ်လျှင် သတိကင်းကွာနေလေ့ရှိသည်။ ဒေါသ၊ လောဘ၊ မောဟတည်းဟူသော မီးသုံးပါးကို လွန်မြောက်သောနှလုံးသွင်းဆင်ခြင်မှုက အရေးကြီးသည်။ နေ့စဉ်နှင့်အမျှ အဆင်ပြေသော နှလုံးသွင်းမှုဖြင့် အဆိုးထဲမှ ရုန်းထွက်ရမည်ဖြစ်သည်။ စိတ်ဒုက္ခကို အကောင်းမြင်စိတ်ဖြင့် ကျော်ဖြတ်နိုင်ပြီး ယောနိသော မနသိကာရတရား လက်ကိုင်ထားရမည်ဖြစ်သည်။

လူသည်ဒေါသ၊လောဘ၊မောဟတည်းဟူသော မီးသုံးပါးကို အခြေပြုတည်ဆောက်ထားခြင်းကြောင့် သတိရှိသူ လူတော်ဖြစ်ပေသည်။ နေ့စဉ်ဘဝ မီးသုံးပါး၏ ခြယ်လှယ်မှုအောက်တွင် ပုံစံအမျိုးမျိုး ရှင်သန်နေကြရသည်။ ငို၊ ရယ်၊ မဲ့၊ ပြုံး သရုပ်ဆောင်ချက်များနှင့် အာရုံပေါ်ရာ လိုက်လံသရုပ်ဆောင်ချက် (သို့တည်းမဟုတ်) စိတ်နှလုံးသား၏ လှုပ်ခတ်သံဟု ဆိုနိုင်သည်။ ရုတ်တရက်သတိလွတ်၍ ဒေါသဖြစ်သည်။ ကိုယ်ကျိုးကြည့်၍ လောဘဖြစ်ရသည်။ သတိနှင့်ကြည့်လျှင် မောဟပင်မဝင်နိုင်ပေ။ လောကဓံ၏အလှည့်အပြောင်းကို လုပ်ဆောင်သမျှ မြင်နိုင်အောင် သတိဖြင့်ကြည့်ရှုမှသာ အမောပြေနိုင်သည်။ နှလုံးသားလေး အေးအောင်ထားရပေမည်။ လေရှူ၊ လမ်းလျှောက်၊ ရေလုံလောက်စွာသောက်သုံးပြီး ကျန်းမာသောဘဝကိုလည်း တည်ဆောက်ကြရပါသည်။

**မလိုစိတ်သည် သံသရာအကျိုးစီးပွားကို အတားအဆီးဖြစ်**

ပျက်စီးခြင်းနှင့် ဖျက်ဆီးခြင်းသည် ကျောချင်းကပ်နေသော အမှောင့်ပယောဂသဖွယ်ဖြစ်သည်။ မြင်အပ်သော ပယောဂ၊ မမြင်အပ်သော ပယောဂများ ဝင်ရောက်နှောင့်ယှက်မှုကို လူတိုင်းသတိပြုကြရမည်ဖြစ်သည်။ မိမိထံဝင်ရောက်လာနိုင်သည့် လောကဓံ၏အထုအထောင်း သဘာဝကျသောအပြုအမူ၊ လှုပ်ရှားမှုများဖြင့် အသိ၊ သတိယှဉ် ရင်ဆိုင်ရပေမည်။ မလိုစိတ်သည်လွန်စွာကြောက်စရာကောင်းလှသည်။ သူတစ်ပါးအဆင်ပြေမှု၊ ကြီးပွားတိုးတက်မှု အပေါ်ထားရှိသည့် မလိုစိတ်သည် သံသရာအကျိုးစီးပွားကို အတားအဆီးဖြစ်စေနိုင်သည်။ မိမိနှင့် သူတစ်ပါးအကျိုးပျက်ပြားစေရန် အတွေးအကြံ လက်မခံဘဲ စိတ်ကိုဖြူအောင်ထားရမည်ဖြစ်သည်။

> **မိမိ၏ ကြိုးစားအားထုတ်လိုစိတ်၊ ကောင်းမွန်သောစိတ်ခံစားချက်ဖြင့် ရှင်သန်လိုစိတ်သည်သာ လက်တွေ့ဆန်သောဘဝတစ်ခုဖြစ်သည်။ မိမိဘဝခရီးကို အကောင်းဆုံးလျှောက်လှမ်းကြရမည်ဖြစ်သည်။ လောကဓံ၏ အထုအထောင်းအောက်တွင် အရှုံးပေးမရပ်တန့်သင့်ဘဲ အချိန်ရှိခိုက် ကြိုးစားကြရမည်သာဖြစ်သည်။ ရလဒ်ဟူသည် ကြိုးစားအားထုတ်မှုမှသာ သက်ဆိုင်ပေသည်။ မဆုတ်မနစ်ကြိုးစားသူတိုင်း အောင်မြင်မှုအသီးအပွင့်ကို ခံစားခွင့်ရှိသည်။ ပြီးပျော်ဘဝပိုင်ဆိုင်ရဖို့ စိတ်မကျေနပ်မှုမှတစ်ဆင့် ဖြစ်ပေါ်လာသောအတွေးသည် စိတ်မပျော်ရွှင်မှုဆီသို့ ကူးစက်နိုင်သဖြင့် အတွေးအာရုံဟူသမျှ လွှတ်ချလိုက်ရမည်သာဖြစ်သည်။ သတိအဖော် လက်တွဲခေါ်လျက် အရေးမပါသောအကြောင်းအရာများကို ဖယ်ရှားနိုင်အောင် ဆောင်ရွက်ရမည်ဖြစ်**

ပုံမှန်အတွေးတစ်စကို အစပြု၍ ဖြစ်ပေါ်လာလေ့ရှိသော အတွေးမှားများကြောင့် ကိုယ်၊ နှုတ်၊ စိတ်တို့ အရုပ်ဆိုးရသည်။ စိတ်၏အတွေးဆိုးများ မဝင်ရောက်စေရေး သူငါအများ မှိုင်းတိုက်ထားသည့် အဆိုးအကြံဟူသမျှ ချက်ချင်းတုံ့ပြန်လက်မခံရန် ဖြစ်သည်။ အတွေးသည် အိမ်တစ်လုံးနှင့်တူသည်။ လူသားအားလုံးသည် နေ့စဉ်ဘဝအချိန်ကာလတိုင်း အတွေးများဖြင့် ဖြတ်သန်းနေထိုင်ကြသည်။ သွားရင်းတွေးသည်။ စားရင်းတွေးကြံသည်။ အလုပ်လုပ်ရင်းလည်း တွေးတောသည်။ စိတ်သည် အလုပ်များစွာဖြင့် ရှုပ်ထွေးနေသည့်တိုင် အတွေးကို လက်ခံလမ်းဖွင့်ပေးသည်။ အတွေးအကြံများသည် အတိတ်၊ အနာဂတ်ကို ခြေဆန့်လေ့ရှိပြီး မကျေနပ်မှု၊ အောင်မြင်မှု၊ ကျရှုံးမှုများထင်ဟပ်ချိန် စိတ်မှာ အတက်အကျဖြစ်ရသည်။ စိတ်ဆင်းရဲရသည်လည်း ရှိသည်။ ကြည်နူးခံစားရသည်လည်း ရှိပေသည်။ စိတ်ညစ်က ကိုယ်ခန္ဓာကို ညှိုးနွမ်းစေသည်။ စိတ်သည် ကျန်းမာရေးကိုအထောက်အကူပြုစွမ်းရှိသည်။

စိတ်ဓာတ်သန်မာသူများ ကျန်းမာကြံ့ခိုင်ကြသည်။

**မေတ္တာဖြင့် တုံ့ပြန်၍ သည်းခံခြင်းဖြင့် တည်ဆောက်**

မနက်ဖြန်တိုင်းသည် ဖမ်းဆုပ်ရရှိနိုင်သော အခွင့်အရေးများစွာရှိပေသည်။ ပို၍လှသော မနက်ဖြန်သည် မိမိ၏လက်ထဲတွင်သာရှိသည်။ မိမိ၏တုံ့ပြန်မှုသည် အရေးကြီးသည်။ မေတ္တာတရားသည် လွန်စွာအရေးကြီးလှပါသည်။ ဘဝငြိမ်းချမ်းမှု တည်ဆောက်ရာတွင် မေတ္တာဖြင့် တုံ့ပြန်၍ သည်းခံခြင်းဖြင့် တည်ဆောက်ကြရလေ့ရှိသည်။ မီးနှင့်တူသောဒေါသကို ထိန်းသိမ်းကြရသည်။ဒေါသ၏ အဖျက်စွမ်းအားက လွန်စွာကြီးမားလှပြီး ဒေါသနှင့်ပြိုင် သောကယိုင်ကျလာမည်ဖြစ်သည်။ ရီဝေအုံ့မှိုင်းစိတ်ရိုင်းများစွာက မိမိ၏အောင်မြင်မှုကို ပိတ်ဆို့နေစေသည်။ သွားမည့်လမ်း အတားအဆီးဖြစ်နေမည်။ မနက်ဖြန်ရဲ့တံခါးကို အသာအယာဖွင့်ထားနိုင်မှသာ နေပျော်ဖွယ်ကောင်းသော ဘဝရသကို ခံစားရရှိနိုင်မည်ဖြစ်သည်။ စိတ်အဆိုးများကို တွန်းထုတ်ပစ်ကြည့်လျှင် လွတ်လပ်ပေါ့ပါးသော စိတ်၊ ဖြူစင်သောစိတ်ကို တွေ့ရှိနိုင်သည်။ စိတ်သည် အတားအဆီးအပိတ်အဆို့မရှိ ပေါ့ပါးနေပေလိမ့်မည်။ စိတ်၏ကြည်လင်မှုအစွမ်းကြောင့် ရုပ်သည်လည်း လန်းဆန်းနေရပေမည်။ စိတ်သွားတိုင်း ကိုယ်ပါ ဆိုစကားအတိုင်း သွားလာလှုပ်ရှားမှုတိုင်းသည် သွက်လက်နေမည်ဖြစ်သည်။

ဘဝတစ်လျှောက်တွင် အသက်ရှင်သန်ရပ်တည်ရေး လှုပ်ရှားရုန်းကန်ကြရသည်။ အသက်အလိုက်၊ နှစ်အလိုက် ကြုံတွေ့ရသည့်လောကဓံ၏ ဆူကြုံနိမ့်မြင့်ကို ခါးစည်းခံကြရသည်။ အဆိုပါလောကဓံသည် လူတိုင်းကြုံတွေ့ရသည့် အခက်အခဲသာဖြစ်သည်။ ထိုအခက်အခဲကို မည်သို့ကျော်ဖြတ်မည်နည်း။ ကိုးကွယ်ယုံကြည်ရာ ဘာသာတိုင်းတွင် လိုက်နာကျင့်ကြံဖွယ်အဆုံးအမရှိပေသည်။ ဓမ္မသဘောတရား၏အောက်တွင် သင်ယူနိုင်အောင်၊ ငြိမ်းချမ်းအောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်သည်။ နေ့စဉ်ကြုံတွေ့ရနိုင်သည့် လောကဓံကို ကြံ့ကြံ့ခံနိုင်အောင် ကြိုးစားရမည်ဖြစ်သည်။ မိမိတို့၏ ကြိုးစားအားထုတ်မှုအလိုက် တိုးတက်မှုလည်းရှိနိုင်သည်။ ထင်တိုင်းမပေါက် မပြီးမြောက်သောစိတ်ဆန္ဒများဖြင့် အခက်အခဲကြား မလွတ်မြောက်နိုင်သည်လည်းရှိသည်။ ကြိုးစားရမည်က မိမိတာဝန်သာဖြစ်သည်။

**၃၁ ဘုံတွင် လူ့ဘုံသည် ကုသိုလ်၊ အကုသိုလ်ပြုခွင့်ရ**

လူ့ဘဝ၏ မြတ်ရတနာသဖွယ်ဖြစ်သော ကံငါးပါးကို မလွန်ကျူးအောင် ထိန်းသိမ်းကြရမည်ဖြစ်သည်။ ၃၁ ဘုံတွင် လူ့ဘုံသည် ကုသိုလ်၊ အကုသိုလ်ပြုခွင့်ရခြင်းကြောင့် သုခချမ်းသာနှင့် ဒုက္ခဆင်းရဲခြင်းကို သည်းခံနိုင်စွမ်းရှိသော သူတော်ကောင်းကြီးများက လွန်စွာနှစ်သက်ကြပေသည်။ လူ့သက်တမ်းသည် နတ်တို့၏ သက်တမ်းနှင့် တွက်ဆလျှင် လွန်စွာတိုတောင်းလှခြင်းကြောင့် လူဖြစ်ခွင့်ရခိုက် အချိန်ရှိခိုက် လုံ့လစိုက်ရမည် ဖြစ်ပါသည်။ အသက်အရွယ်အလိုက် ပြုကျင့်လုပ်ဆောင်ရမည့်အလုပ်များကို လုပ်ဆောင်လျက် ဒါန၊ သီလ၊ ဘာဝနာမချို့တဲ့ရေး ကုသိုလ်စိတ်နှင့် တွန်းအားပေးရမည် ဖြစ်သည်။

သို့ဖြစ်ရာ မိမိ၏ ကြိုးစားအားထုတ်လိုစိတ်၊ ကောင်းမွန်သောစိတ်ခံစားချက်ဖြင့် ရှင်သန်လိုစိတ်သည်သာ လက်တွေ့ဆန်သောဘဝတစ်ခုဖြစ်သည်။ မိမိဘဝခရီးကို အကောင်းဆုံးလျှောက်လှမ်းကြရမည်ဖြစ်သည်။ လောကဓံ၏ အထုအထောင်းအောက်တွင် အရှုံးပေး မရပ်တန့်သင့်ဘဲ အချိန်ရှိခိုက်ကြိုးစားကြရမည်သာဖြစ်သည်။ ရလဒ်ဟူသည် ကြိုးစားအားထုတ်မှုမှသာ သက်ဆိုင်ပေသည်။ မဆုတ်မနစ်ကြိုးစားသူတိုင်း အောင်မြင်မှုအသီးအပွင့်ကို ခံစားခွင့်ရှိသည်။ ပြုံးပျော်ဘဝပိုင်ဆိုင်ရဖို့ စိတ်မကျေနပ်မှုမှတစ်ဆင့် ဖြစ်ပေါ်လာသောအတွေးသည် စိတ်မပျော်ရွှင်မှုဆီသို့ ကူးစက်နိုင်သဖြင့် အတွေးအာရုံဟူသမျှ လွှတ်ချလိုက်ရမည်သာဖြစ်သည်။ သတိအဖော် လက်တွဲခေါ်လျက် အရေးမပါသော အကြောင်းအရာများကို ဖယ်ရှားနိုင်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။ နာရီစက္ကန့်မလပ် ငြိမ်းချမ်းစွာဖြတ်သန်းနိုင်ရေး အခိုက်အတန့်ကာလလေးအတွင်း သတိပြုသင့်သည်။ ပစ္စုပ္ပန်တည့်တည့် စိတ်ကောင်း၊ နှလုံးကောင်းထားလျက် အပြီးလှလှ ပြီးနိုင်ကြစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေ ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

မုံရွာ ဧပြီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနရုံးရှိ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုနှင့် ပြည်သူများအား ပြည်သူ့စစ်မှုထမ်းဥပဒေ ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီခွဲက အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးသန်းနိုင်ဦးက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများဖြစ်သည့် ပြည်သူ့စစ်မှုထမ်းဥပဒေ ရည်ရွယ်ချက်၊ ခံစားခွင့်များ၊ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းမှ ကင်းလွတ်ခြင်း၊ ယာယီရွှေ့ဆိုင်းနိုင်သည့် ပုဂ္ဂိုလ်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များအား အသေးစိတ်ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးခဲ့ပြီးနောက် တက်ရောက်လာကြသည့် အရာထမ်း၊ အမှုထမ်းများနှင့် ဖိတ်ကြားထားသော ပြည်သူများက သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားပေးခဲ့ကြကြောင်း သိရသည်။

ထို့နောက်တက်ရောက်လာကြသူများအား ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ် လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

**ဆရာကြည်**

(၂၄-၃-၂၀၂၄ ရက်နေ့မှအဆက်)

ထိုအခါသိကြားမင်းသည် နတ်သားအားလုံးကို ခေါ်၍ ညဘက်တွင် ဘုရားရှင်သီတင်းသုံးသော ဇေတဝန်ကျောင်းတော်သို့ ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့်သွားကြ၍ တစ်ကျောင်းလုံး လင်းထိန်သွားပေသည်။ ထို့နောက် ဘုရားရှင်ထံသို့ ချဉ်းကပ်၍ ဤလေးပါးပြဿနာကို မေးလျှောက်ကြလေသည်။ ဘုရားရှင်ကလည်း သိကြားမင်း ငါဘုရား ပါရမီတော်ဖြည့်ကျင့်တော်မူပြီး သင်တို့ကဲ့သို့သောသူများ၏ ယုံမှားသံသယကို ပယ်ဖျောက်နိုင်ရန်ပင် သဗ္ဗညုတရခဲ့ပြီး ဤသင်တို့မေးသော ပြဿနာလေးပါးကို ဖြေကြားပါအံ့ဟုဆိုပြီး အောက်ပါအတိုင်း ဖြေလေးပါးကို ဟောကြားတော်မူလေသည်။

(၁) အလှူခံအားလုံးတွင် တရားအလှူ (ဓမ္မဒါန) သည် အမြတ်ဆုံးဖြစ်၏။

(၂) အရသာအားလုံးတွင် တရားအရသာသည် အမြတ်ဆုံးဖြစ်၏။

(၃) မွေ့လျော်ခြင်းအားလုံးတွင် တရား၌ မွေ့လျော်ခြင်းသည် အမြတ်ဆုံးဖြစ်၏။

(၄) တဏှာတို့ ကုန်ခန်းခြင်းဖြစ်သော အရဟတ္တဖိုလ်သည် ဒုက္ခတို့ကို ငြိမ်းခြင်း၊ ကုန်ခန်းခြင်းသို့ ရောက်စေတတ်သောကြောင့် အမြတ်ဆုံးဖြစ်၏ဟု စကားပြေဂါထာနှစ်မျိုးဖြင့် ဖြေကြားလေသည်။

ထိုသို့သော တရားဒေသနာကို ဘုရားရှင်ထံမှ ကြားနာပြီးသောအခါ သိကြားမင်းသည် "မြတ်စွာဘုရား တရားအလှူသည် အမြတ်ဆုံးဖြစ်ပါလျက် တပည့်တော်တို့အား ဓမ္မဒါနကုသိုလ်အဖို့ကို မည်သို့အကြောင်းကြောင့် ပေးသနားတော်မမူပါသနည်း" ဟူ၍ လျှောက်ထားလေသည်။ သိကြားမင်းကလည်း "ဤအချိန်မှစ၍ ရဟန်းသံဃာတို့ တရားဟောပြီးသောအခါ ထိုဓမ္မဒါနကို တပည့်တော်တို့အား ပေးစေတော်မူပါဘုရား"ဟု တောင်းပန်လျှောက်ထားလေသည်။

ဘုရားရှင်သည် အစည်းအဝေးခေါ်ပြီး ရဟန်းတို့အား ယနေ့မှစ၍ တရားဟောပြီးသောအခါ သတ္တဝါတို့အား ဓမ္မဒါန "ဓမ္မဒါန ကုသိုလ်အဖို့" ပေးဝေကြရန် မိန့်တော်မူလေသည်။

## အာဠဝီမင်းနှင့် အာဠဝကဘီလူးအကြောင်း

အာဠဝီမင်းသည် တောလိုက်ဝါသနာပါသည်။ တစ်နေ့သ၌ ၎င်းသည် မှူးမတ်များ ခြံရံလျက် တောလိုက်ထွက်လေသည်။ မိမိဘက်မှ သမင်လွတ်ထွက်သွားလျှင် မိမိတာဝန်သာဟု ပြောဆို၍ မှူးမတ်များနှင့် တောလိုက်ထွက်လာလေသည်။

ထိုအခါ ဇေဃီမည်သောသားကောင်သည် မိမိဘက်မှ ထွက်ပြေးလေသည်။ ဘုရင်ကြီးသည် ၎င်းနောက်သို့ အတင်းလိုက်ရာ သုံးယူဇနာရောက်သောအခါ မောနေသောသားကောင်ကိုမီ၍ လေးဖြင့် ပစ်သတ်ရာ နှစ်ပိုင်းပိုင်းပြီး ယူလာလေသည်။ မြို့နှင့် မနီးမဝေး "အာဠဝက" ဘီလူးနေသော ဗိမာန်သို့ ရောက်သည်။ အရိပ်ကောင်း၍ ခိုနားလေသည်။ ထိုအခါ မင်းကြီးအား တွေ့၍ ချဉ်းကပ်လာလေသည်။

မင်းကြီးသည် ဘီလူးအား ကြောက်လန့်၍ "တစ်နေ့တာစားနေခြင်းထက် နေ့ရက်ရှည်ကြာစွာ စားလိုပါလား ကျွန်ုပ်သည် အာဠဝီပြည့်ရှင်ဖြစ်၏။ ယနေ့ အသင်ဘီလူးက သမင်သားကို စားပါ၊ ငါ့ကို လွှတ်ပေးလျှင် သင့်ထံသို့ လူတစ်ယောက်နှင့် ထမင်းတစ်အိုး နေ့စဉ် သင့်ထံသို့ ပို့ပေးအံ့"ဟူ၍ ပြောလေသည်။ အာဠဝကဘီလူးက "သင်မင်းကြီးသည် သင့်နန်းစည်းစိမ်သို့ ပြန်ရောက်လျှင် မေ့သွားမည်။ ငါသည် မိမိဗိမာန်သို့ မကပ်သူကိုလည်းကောင်း၊ ကျေနပ်စွာခွင့်မပြုသူကိုလည်းကောင်း ငါမစားနိုင်။ သင်မင်းကြီးဆိုသည့်အတိုင်း လူပို့မလွှတ်သော် ငါဘယ်သို့ပြုနိုင်ပါနည်း"ဟု ဆိုလေသည်။ ထိုအခါ မင်းကြီးက "ဤကတိကို ကျွန်ုပ်ပျောက်ကွယ်ခဲ့သော် သင် ငါ့နန်းတော်သို့လာ၍ ငါ့အား ဖမ်းစားလော့" ဟူ၍ ဆိုလေသည်။ ဘီလူးကလည်း မင်းကြီး ကတိပေးသည်ကို ကျေနပ်၍ မင်းကြီးအား ပြန်ခွင့်ပြုလိုက်လေသည်။

မင်းကြီးသည် မိမိနန်းတော်သို့ ပြန်ရောက်သည့်အခါ မြို့ဝန်ခေါ်၍ သူပြုခဲ့သည့်ကတိကို ပြောပြပြီး ဆောင်ရွက်ပေးရန် မိန့်မှာသည်။ လျှို့ဝှက်စွာပြောဆိုခဲ့ပါသည်။ မြို့ဝန်က မင်းကြီးအား အရှင်မင်းကြီးသည် ဘီလူးအား ပေးခဲ့သော ကတိသည် ကာလအပိုင်းအခြားမထားသော် ဤအာဠဝက၏ တစ်ပြည်လုံးအစာသာ ဖြစ်ခြေမည်ဟု ဆိုလေသည်။ မင်းကြီးက ဤအတွက် သင်ကြောင့်ကြမနေပါနှင့် ကျွန်ုပ် ဤအရေးကို သူ့တာဝန်ထားပါဟု ပြောကြား၍ မြို့ဝန်ကလည်း ဆောင်ရွက်ပေးရလေသည်။ အခြားသူများ မသိစေရန် မင်းကြီးကလည်း မှာကြားစေသည်။

မြို့ဝန်ကလည်း လှောင်အိမ်သို့ သွား၍ သတ်ထိုက်သောအပြစ်ရှိသူ ရာဇဝတ်သားတို့အား "သင်တို့ အသက်ရှည်လိုမူ ထွက်ခဲ့ကြ"ဟုခေါ်ပြီး ရှေးဦးစွာ ထွက်လာသူကို ရေချိုးသန့်စင်ပြီး ဤထမင်းအိုးယူ ဤမည်သော ညောင်ပင်စောင့်နတ်အား ပူဇော်လေ။ ပြီးလျှင် သင်လိုရာသို့ သွားလော့ ဟုဆိုပြီး လွှတ်လိုက်လေသည်။ အာဠဝကဘီလူးကလည်း လွှတ်လိုက်သော လူနှင့်တကွ ထမင်းကို စားလေသည်။ ဤအကြောင်းကို ပြည်သူပြည်သားများ သိရှိသွားလေသည် မင်းကြီးသည် ဆက်၍ "ခိုးသူကို ဘီလူးစာကျွေးလော့" ဆိုသည်။ ကြောက်ရွံ့ကြ၍ မဆိုးသွမ်းကြကုန်ဖြစ်လေသည်။ ကြာသော် ရာဇဝတ်သားဟောင်းများ ကုန်သွားလေသည်။ လှောင်အိမ်လည်း ဆိတ်သုဉ်းလေသည်။

နောင်သောအခါ မြို့ဝန်သည် ဥစ္စာပစ္စည်းထုပ်ကို အိမ်ကြားအိမ်ဝလမ်း စသည်တွင်ချ၍ လုပ်ကြံပြီး ယူသူကို ခိုးသူစွပ်စွဲပြီး ဘီလူးထံသို့ ပို့ရသည်။ နောင်အခါ လူများက သိကြ၍ ယင်းဥစ္စာပစ္စည်းကို ခြေနှင့်တောင် မထိဘဲ စွန့်ခွာသွားကြလေသည်။ ဤသို့ဖြင့် တစ်ဦးတစ်ယောက်မျှ ဖမ်း၍မရတော့ချေ။

ဤအဖြစ်ပျက်တို့ကို မင်းကြီးသည် မှူးမတ်တို့အား ဖွင့်ပြောပြီး တိုင်ပင်ကြလေသည်။ အမတ်တို့က ပုခက်တွင်းရှိ ကလေးများကို ပို့ရန် မိဘတို့သည် လွန်စွာ မချစ်မနှစ်သေး၊ ကလေးကလည်း ငါ့မိဘ မသိသေး၍ သင့်တော်ကြောင်း လျှောက်ထားကြသည်။ မင်းကြီးလည်း ၎င်းတို့ပေးသောအကြံကို နှစ်သက်၍ ပုခက်တွင်းကလေးများယူကာ ဘီလူးထံသို့ ပို့လေသည်။

ဤသို့အဖြစ်အပျက်ကို ပြည်သူပြည်သား၊ မိဘ၊ ကိုယ်ဝန်ဆောင်များ သိကြသောအခါ အခြားအရပ်တွင် ကလေးကို မွေးဖွားပြီး ကလေးအရွယ်ရောက်မှ ဤမြို့သို့ ပြန်ကြသည်။ ထို့ကြောင့် ဤမြို့တွင်း၌ ပုခက်တွင်းကလေးများ မရှိကြချေ။ ဤသို့ဆောင်ရွက်လာရာ ၁၂ နှစ်တိုင် ရှိလာလေသည်။ ယင်းသို့ ပုခက်တွင်းကလေးများ မရှိကြောင်း မင်းကြီးအား လျှောက်တင်ကြလေသည်။ မှူးမတ်တို့က "အာဠဝက" မင်းသားမှတစ်ပါး မရှိကြောင်း လျှောက်တင်ကြသည်။

မင်းကြီးသည် ဤလောက၌ မိမိထက်ပို၍ မည်သူ့ကိုမျှ မချစ်ကြပါ။ ဤသားငယ်ကို ဘီလူးထံသို့မပို့လျှင် ငါ့တွင် အန္တရာယ်ရှိသည်။ ယင်းအာဠဝကမင်းသားအား သူ့ထံသို့ပို့ရန် အမိန့်ပေးလေသည်။ မိဖုရားနှင့် မောင်းမမိဿံများ ငိုကြွေးကြလေသည်။ သားကို မင်းကြီးက လုယူပြီး နောက်တစ်နေ့နံနက်တွင် အာဠဝကဘီလူးထံသို့ ပို့ရန်ဖြစ်လေသည်။

## ဘုရားရှင်က အာဠဝကဘီလူးအား ဆုံးမခြင်း

ဘုရားရှင်သည် လကွယ်နေ့၌ပင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဘုရားရှင်တို့၏ ထုံးစံအတိုင်း သတ္တလောကကြီးကို မိုးသောက်ယံ၌ မဟာကရုဏာသမာပတ်ကို ဝင်စားလျက် သဗ္ဗညုတဉာဏ်မျက်စိဖြင့် ကြည့်ရှုလေသည်။ ထိုအခါ၌ အာဠဝကဘီလူး သောတာပန်ဖြစ်လတ္တံ့ကို မြင်လေသည်။ ယင်းသို့အကြောင်းပြု၍ နောင်သောအခါ၌ အာဠဝကမင်းသားသည် အနာဂါမ်ဖြစ်လတ္တံ့ကိုလည်း ဆင်ခြင်သိမြင်တော်မူလေသည်။

ထိုနေ့လကွယ်တွင် ဘုရားရှင်သည် သပိတ်သင်္ကန်းတို့ယူဆောင်၍ သာဝတ္ထိပြည်မှ ယူဇနာသုံးဆယ်ဝေးသော အာဠဝီပြည်သို့ တစ်ပါးတည်း ကြွတော်မူသည်။ ယင်းပြည်သို့ ရောက်သော် ဘုရားရှင်သည် အာဠဝကဘီလူး၏ဗိမာန်ဝ၌ ဝင်၍ ရပ်တော်မူလေသည်။ ယင်းအချိန်တွင် အာဠဝကဘီလူးသည် ဟိမဝန္တာ၌ များစွာသောနတ်အစည်းအဝေးသို့ သွားနေချိန်ဖြစ်လေသည်။

၎င်းဗိမာန်အစောင့်ဖြစ်သော ဂဒြဘဘီလူးသည် ဘုရားရှင်ကို မြင်သောအခါ "ဤဗိမာန်သို့ အကြောင်းကြောင့် ညအချိန်တွင် လာရောက်ပါသနည်း"ဟူ၍ ဘုရားရှင်နားသို့ကပ်၍ လျှောက်ထားလေသည်။ ဘုရားရှင်ကလည်း "ငါအကြောင်းရှိ၍ လာရောက်ခြင်းဖြစ်သည်။ သင်အပန်းမကြီးလျှင် ငါဘုရားအား ဤဗိမာန်၌ တစ်ညတာမျှနေလိုသည်" ဟူ၍ ပြန်လည်မိန့်ကြားလေသည်။ ဂဒြဘဘီလူးကလည်း "တပည့်တော်အတွက် ဝန်မလေးပါ။ ဒါပေမဲ့ ဤဗိမာန်ပိုင်ရှင် အာဠဝကသည် ခက်ထန်ကြမ်းတမ်းလှသည်။ မိဘဆရာသမားတို့ကို ရိုသေလေးစားခြင်းမရှိ၊ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို မသိတတ်ပါ။ ထို့ကြောင့် ရှင်တော်ဘုရား ဤဗိမာန်၌ နားခိုခြင်းကို မနှစ်သက်သင့်ကြောင်း" ပြန်လည်လျှောက်ထားပါသည်။

ဘုရားရှင်က "ဂဒြဘ အာဠဝကဘီလူး၏ ဤသို့သောအမူအရာရှိသည်ကို ငါဘုရားရှင် သိပါသည်။ ငါဘုရားမှာ အန္တရာယ်တစိုးတစိမျှ မရှိနိုင်ပါ။ သင် ဝန်လေးမှုမရှိလျှင် ငါ့အား တစ်ညတာမျှ ခိုနားခွင့်ပေးလော့"ဟူ၍ မိန့်မြွက်လေသည်။ "မြတ်စွာဘုရား ဘုရားရှင်၏ နားခိုခွင့်ကို တပည့်တော် ခွင့်ပြုလို့မရပါ။ ၎င်းအား အကြောင်းကြားပြီး ခွင့်ပြုချက်ရမှသာ ခွင့်ပြုနိုင်ပါမည်။ တပည့်တော်မှ ၎င်းအား အကြောင်းမကြားဘဲ တပည့်တော်၏သဘောအတိုင်း ခွင့်ပြုခဲ့သော် တပည့်တော် အသတ်ခံရပါမည်။ ၎င်းကို သွားအကြောင်းကြား ခွင့်ပြုချက်တောင်းခံပါရစေဦး" လျှောက်ထားပါသည်။

> **"ဘုရားရှင်သည် လကွယ်နေ့၌ပင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဘုရားရှင်တို့၏ထုံးစံအတိုင်း သတ္တလောကကြီးကို မိုးသောက်ယံ၌ မဟာကရုဏာသမာပတ်ကို ဝင်စားလျက် သဗ္ဗညုတဉာဏ်မျက်စိဖြင့် ကြည့်ရှုလေသည်။ ထိုအခါ၌ အာဠဝကဘီလူး သောတာပန်ဖြစ်လတ္တံ့ကို မြင်လေသည်။ ယင်းသို့ အကြောင်းပြု၍ နောင်သောအခါ၌ အာဠဝကမင်းသားသည် အနာဂါမ်ဖြစ်လတ္တံ့ကိုလည်း ဆင်ခြင်သိမြင်တော်မူလေသည်"**



(ဆက်လက်ဖော်ပြပါမည်)

# မုဒုံမြို့တွင်ဒူးရင်းသီးများ စတင်ထွက်ရှိပြီး ဈေးကောင်းရရှိ၍ စိုက်ပျိုးသူများ အဆင်ပြေ

မွန် မေ ၂၂

မွန်ပြည်နယ်သည် လယ်ယာသီးနှံ ဥယျာဉ်ခြံများနှင့် ရော်ဘာစိုက်ပျိုး ထုတ်လုပ်မှုကောင်းမွန်သည့် ပြည်နယ်တစ်ခုဖြစ်ရာ နှစ်ရှည်သီးနှံတစ်မျိုးဖြစ်သော ဒူးရင်းသီးများ စိုက်ပျိုးထားရှိပြီး လက်ရှိအချိန်တွင် ဒူးရင်းသီးများ စတင်ထွက်ပေါ်နေပြီဖြစ်ရာ လူကြိုက်များသည့် သီးနှံတစ်မျိုးဖြစ်သောကြောင့် ဈေးကောင်းရရှိ၍ စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မုဒုံမြို့၌ ဒူးရင်းသီးစိုက်ပျိုးရာတွင် ဒူးရင်းပင် အမျိုးအစား ၂၀ ခန့် စိုက်ပျိုးကြပြီး စိုက်ပျိုးသည့်မျိုးအနေဖြင့် မွန်ထောင်း၊ ချန်းနီ၊ မလေးမျိုး(မူဆန်ကင်း)၊ ယိုးဒယားမျိုးများကို ပျိုးပင်များနှင့် ကိုင်းဆက်/ကိုင်းကူးနည်းများဖြင့် အဓိကထား၍ အများအပြား စိုက်ပျိုးကြကြောင်း၊ ဒူးရင်းပင်ကိုင်းဆက်မျိုးများကို စိုက်ပျိုးပြီး သုံးနှစ်ခန့်အကြာတွင် အသီးများ စတင်ထွက်ရှိပြီး စိုက်ပျိုးမှုအနေဖြင့် တစ်ဧကလျှင် ဒူးရင်းပင် အပင်တန်းကြား ပေ ၃၀ ပတ်လည် စိုက်ပျိုးမည်ဆိုပါက အပင်ရေ ၄၈ ပင်ကိုလည်းကောင်း၊ ၂၅ ပေပတ်လည် စိုက်ပျိုးမည်ဆိုပါက အပင်ရေ ၇၀ ပင်ခန့်ကိုလည်းကောင်း စိုက်ပျိုးနိုင်ကြောင်း၊ အပင်များ ပိုးမွှားအန္တရာယ်ကျရောက်မှုမရှိစေရန် ပြုလုပ်ခြင်းနှင့် သဘာဝဓာတ်မြေဩဇာများ ထည့်သွင်းခြင်းလုပ်ငန်းများကို စနစ်တကျ ပြုလုပ်ရန် လိုအပ်ကြောင်း၊ ဒူးရင်းမျိုးကောင်း တစ်ဧကစိုက်ပျိုးခြင်းဖြင့် တစ်နှစ်လျှင် ဝင်ငွေကျပ်သိန်း ၁၀၀ ကျော်ရရှိနိုင်ကြောင်း၊ ယခုအခါ၌ ဒူးရင်းသီးများ စတင်ထွက်ပေါ်ချိန်တွင် ဒူးရင်းအမျိုးအစားပေါ်မူတည်၍ တစ်ကီလိုလျှင် ငွေကျပ် ၁၅၀၀၀ အထက် ရရှိနေကြောင်း မုဒုံမြို့နယ် ဘဲရမ်းကျေးရွာမှ ဒူးရင်းသီးစိုက်ပျိုး တောင်သူတစ်ဦးထံမှ သိရသည်။



မုဒုံမြို့နယ်ဒေသထွက် ဒူးရင်းမျိုးကောင်း၊ မျိုးသန့်များကို ပြည်တွင်း၊ ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် ဒူးရင်းမျိုးများကို သုတေသနပြုစိုက်ပျိုးထားရှိခြင်း၊ သစ်သီးဝလံသုတေသန စိုက်ပျိုးရေးနည်းပညာများကို တောင်သူများထံသို့ ဖြန့်ဝေပေးခြင်း၊ သီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်တောင်သူများနှင့် ပူးပေါင်းပြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# ဘားအံမြို့၌ ဈေးကောင်းရနေသော သံပရာသီး

ကြာအင်းဆိပ်ကြီး မေ ၂၂

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်၌ သံပရာသီး၊ ရှောက်သီးများကို အများဆုံးစိုက်ပျိုးကြပြီး ဘားအံမြို့အနီးရှိ ကျေးရွာများတွင် သံပရာသီးကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြသည့်အပြင် စီးပွားဖြစ်လည်း စိုက်ပျိုးလျက်ရှိကြောင်း၊ ဘားအံမြို့ ဈေးကွက်တွင် နွေရာသီပေါ် သံပရာသီးများ ဈေးကောင်းရလျက်ရှိကြောင်း၊ ဘားအံမြို့ ဈေးကွက်အတွင်းသို့ ဝင်ရောက်လာသော သံပရာသီးများမှာ ဘားအံမြို့အနီးရှိ ကျေးရွာများနှင့် ကြာအင်းဆိပ်ကြီး၊ မော်လမြိုင်၊ ရေးမြို့များမှဖြစ်ကြောင်း၊ မြန်မာသံပရာသီး အိတ်ကြီး တစ်အိတ်လျှင် အလုံးရေ ၁၆၀၀ မှ ၁၇၀၀ အထိပါရှိပြီး တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၀-၅၀၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် မြန်မာသံပရာသီး အလုံးချောအကြီးတစ်လုံးလျှင် ကျပ် ၆၀၀-၇၀၀ ဖြင့် လည်းကောင်း၊ အလတ်တစ်လုံးလျှင် ကျပ် ၅၀၀ ဖြင့်လည်းကောင်း၊ ယိုးဒယားမျိုးစပ်သံပရာသီး အလုံးချောအကြီးတစ်လုံးလျှင် ကျပ် ၅၀၀ ဖြင့်လည်းကောင်း၊ အလတ်တစ်လုံးလျှင် ကျပ် ၄၀၀ ဖြင့်လည်းကောင်း၊ အသေးတစ်လုံးလျှင် ကျပ် ၃၀၀-၃၅၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ သံပရာသီးစိုက်ပျိုးတောင်သူများအနေဖြင့် ယခုနှစ်တွင် သံပရာသီးဈေးနှုန်းကောင်းမွန်ပြီး တွက်ချေကိုက်၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။





# သုံးခွမြို့နယ်၌ ဆောင်းသီးထပ် မြေပဲသီးနှံများ အောင်မြင်စွာ ရိတ်သိမ်းပြီးစီး

သုံးခွ မေ ၂၂

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ယခုနှစ် ဆောင်းသီးထပ်သီးနှံ စိုက်ပျိုးရာသီချိန်တွင် ဒေသခံတောင်သူများအနေဖြင့် ဝင်ငွေတိုးပွားစေရေးနှင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံစေရေးအတွက် ဆောင်းသီးနှံတစ်မျိုးဖြစ်သော မြေပဲသီးနှံကို စိုက်ပျိုးကြကြောင်း၊ မြေပဲသီးနှံကို တစ်မြို့နယ်လုံးအတိုင်းအတာအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ စိုက်ပျိုးဧက ၆၈၆ ဧကလျာထား စိုက်ပျိုးခဲ့ရာ ရာနှုန်းပြည့်အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

သုံးခွမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးမှုအဆင်ပြေခြင်းနှင့် စိုက်ပျိုးမြေကောင်းမွန်ခြင်းတို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းကို နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး စီးပွားဖြစ်လုပ်ကိုင်လျက်ရှိရာ လက်ရှိအချိန်တွင် ပုလဲ၊ သိုက်တူးကန်၊ မြို့မပုဂံတောင်၊ ဘုရားကြီး၊ အောင်ပန်းစိန် စသည့် ကျေးရွာများတွင် စိုက်ပျိုးထားသည့် မြေပဲစိုက်ခင်းများအားလုံး အောင်မြင်စွာရိတ်သိမ်းပြီးဖြစ်ကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၄၇ ဒသမ ၃၆ တင်းထွက်ရှိပြီး ယခုနှစ် မြေပဲစိုက်ဧကမှာ လျာထားစိုက်ပျိုးဧကထက် ပိုမို၍ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ သုံးခွမြို့နယ်အတွင်းရှိ မြေပဲစိုက်တောင်သူအများစုသည် ဆောင်းသီးထပ်မြေပဲသီးနှံများကို မြေပဲတောင့်အနေဖြင့် ရောင်းချခြင်းမရှိဘဲ ဆီစက်များတွင် ဆီကြိတ်ခွဲ၍ ဒေသခံစားသုံးသူပြည်သူများအား ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းရင်းမြစ် စီးပွား/ကူးသန်း**

## ၂၂-၄-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၂၅၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၉၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၇၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၄၃၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၀၅၀ | | ၇၅၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၃၅၀ | ၁၀၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |
| ၄ | တောင်ကြီး | ၃၅၀၀ | ၃၃၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၉၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၃၅၀၀ | | ၅၇၀၀ | ၁၅၅၀၀ | ၅၉၀၀ | ၁၁၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၆၈၀၀ | ၁၀၀၀၀ | ၈၀၀ | ၈၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၂၈၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၆ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၁၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၈၅၀ | | ၆၉၀၀ | ၁၇၀၀၀ | ၆၀၂၅ | ၁၂၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၈ | မြိတ် | ၄၀၀၀ | | ၆၀၀၀ | ၁၆၅၀၀ | ၆၁၀၀ | ၁၂၅၀၀ | ၃၀၀၀ | ၁၃၅၀၀ | ၁၁၅၀၀ | ၈၈၀၀ | ၈၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၆၇၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၅၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၉ | ရန်ကုန် | ၃၈၀၀ | | ၅၆၀၀ | ၁၆၀၀၀ | ၅၇၀၀ | ၁၃၀၀၀ | ၃၄၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၆၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၃၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၅၅၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၇၇၀ | ၅၀၀၀ | ၂၇၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၈၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၁ | ဟားခါး | ၇၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၂ | မုံရွာ | ၃၆၀၀ | ၃၁၅၀ | ၆၄၀၀ | ၁၃၅၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၆၉၀၀ | ၇၂၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၃ | မန္တလေး | ၄၅၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၁၇၅ | ၈၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၈၀၀ | ၇၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၃၀၀ | ၁၂၅၀၀ | ၆၁၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၇၅၀၀ | ၇၅၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၂၂၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၅ | မကွေး | ၃၈၅၀ | | ၇၅၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၁၀၅၀၀ | ၂၄၀၀ | ၁၅၀၀၀ | ၁၁၅၀၀ | ၉၀၀၀ | ၆၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၃၇၀၀ | ၂၅၀၀ | ၄၈၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပြည် | ၃၄၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၂၀၀၀၀ | ၁၃၀၀၀ | | ၈၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၇ | ပဲခူး | ၃၂၀၀ | | ၅၅၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၇၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၈၀၀ | ၆၀၀၀ | ၃၇၀၀ | ၂၄၀၀ | ၄၈၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၇၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၆၅၀ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၃၆၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၄၈၀၀ | ၂၀၀၀ | ၄၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၁၀၀၀ |
| ၁၉ | နေပြည်တော် | ၃၇၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၆၅၀ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၃၆၀၀ | ၆၂၀၀ | ၆၂၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၄၈၀၀ | ၂၀၀၀ | ၄၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၁၀၀၀ |
| ၂၀ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၇၃၀၀ | ၂၄၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | | ၁၅၀၀၀ |

❂ **ခေတ္တရပ်နားထားသည့် ၂၀၂၄ မှ**

အား/ကာသိပ္ပံအသင်း၊ ပဒုမ္မာကွင်း၌ မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။




အုပ်စု(ဂ)တွင် လေးပွဲစလုံး အနိုင်ရပြီး ဦးဆောင်နေသည့် ဒဂုံစတားယူနိုက်တက်အသင်း။

ပထမအကျော့အပြီး အုပ်စု(က)တွင် ရန်ကုန်ယူနိုက်တက်အသင်းက ၁၂ မှတ်၊ မဟာယူနိုက်တက်အသင်းက ကိုးမှတ်၊ GFA အသင်းက ခြောက်မှတ်၊ တက္ကသိုလ်အသင်းက သုံးမှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက အမှတ်မရသေး၊ အုပ်စု(ခ)တွင် ရှမ်းယူနိုက်တက်၊ ရခိုင်ယူနိုက်တက်နှင့် ကချင်ယူနိုက်တက်အသင်းတို့က ကိုးမှတ်စီ၊ Glory Goal အသင်းက သုံးမှတ်၊ Rainbow အသင်းက အမှတ်မရသေး။ အုပ်စု (ဂ) တွင် ဒဂုံစတားယူနိုက်တက်အသင်းက ၁၂ မှတ်၊ ရောဝတီယူနိုက်တက်အသင်းက ကိုးမှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ခြောက်မှတ်၊ Dagon Port အသင်းက သုံးမှတ်၊ ငွေကြယ်ပွင့်အသင်းက အမှတ်မရသေး၊ အုပ်စု(ဃ)တွင် အား/ကာသိပ္ပံအသင်းက ၁၀ မှတ်၊ ရတနာပုံအသင်းက ကိုးမှတ်၊ သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်းတို့က လေးမှတ်စီ၊ ရက္ခပူရယူနိုက်တက်အသင်းက တစ်မှတ် ရရှိထားသည်။

**သတင်း – ကိုညီလေး**
**ဓာတ်ပုံ –MNL**

# သီပေါမြို့ သီတဂူစက္ခုဒါနဆေးရုံတော်၌ (၅၃)ကြိမ်မြောက် အခမဲ့မျက်စိစမ်းသပ်ကုသပေးမည်

သီပေါ မေ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ သီတဂူစက္ခုဒါနဆေးရုံတော်၌ (၅၃)ကြိမ်မြောက် အခမဲ့မျက်စိစမ်းသပ်ကုသပေးမည်ဖြစ်သည်။ နေရပ်ဒေသအသီးသီးမှလူမျိုးဘာသာမရွေးမျက်စိလူနာများကို မေ ၆၊ ၇၊ ၈ ရက်တို့တွင် အခမဲ့စမ်းသပ်ကုသပေးသွားမည်ဖြစ်ပြီး မျက်စိလူနာရှင်အသစ်များသည် မေ ၁ ရက်တွင် သီပေါမြို့ မဟာမြတ်မုနိဘုရားကြီးပုရိဝုဏ်အတွင်းရှိ သီတဂူစက္ခုဒါနဆေးရုံတော်သို့ လူနာမှတ်တမ်းစာအုပ်လာရောက်လုပ်ဆောင်နိုင်ကြရန် နှိုးဆော်အသိပေး ထားကြောင်း နာယကဆရာတော်ဘဒ္ဒန္တပညာသီရိထံမှ သိရသည်။

၂၁၀

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

☆ **ကျောဖုံးမှ**

ငါးမိနစ်မှာ ဟာဂျီရိုက်က တစ်ဂိုးသွင်းယူပေးခဲ့လို့ တစ်ဖက်သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီလို သရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် အချိန်ပို ယှဉ်ပြိုင်ကစားခဲ့ပေမယ့် ပြတ်သားတဲ့ ရလဒ်မထွက်ပေါ်ခဲ့တာကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူရာမှာ မန်ယူအသင်းက ကိုဗင်ထရီစီးတီးအသင်းကို လေးဂိုး–နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

မန်ယူအသင်းဟာ ကိုဗင်ထရီစီးတီးအသင်းကို အနိုင်ရရှိခဲ့ကာ အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်တာကြောင့် နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် မန်ချက်စတာမြို့ခံပြိုင်ဘက် မန်စီးတီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး မန်စီးတီးအသင်းက အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းကို အနိုင်ရရှိကာ ဗိုလ်လုပွဲတက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

❍ **သကြံန်မှ**

အတွင်း၌ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

